


# သော်တာဆွေ

## မခင်နှင်းဆီ

သော်တာဆွေ

# မခင်နှင်းဆီ

ဟာသဝတ္ထုကြီး



TTS0014
3,500.00 KS

mgyoe.com

မခင်နှင်းဆီ၊ သော်တာဆွေ
စာမျက်နှာ ၂၅၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ စက်တင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၃ စိတ်ကူးချိုချို၏ တတိယအကြိမ်မူ၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## ဤဝတ္ထုဇာတ်ကောင်များ

| | | |
|---|---|---|
| အေးဆွေ | – | သူဌေးလူပျိုချော |
| ပေါ်ဦး | – | အေးဆွေ၏ ဉာဏ်ကြီးရှင်တပည့် |
| ဒဂုန်မြမြကြီး | – | စာရေးဆရာမ(အေးဆွေ၏အဒေါ် တော်လေးဝ ဂျာနယ်ထုတ်သူ) |
| တင်အောင်လွင် | – | ရွှေငါးသဘာဝလေ့လာသူ (ငါးရှူး) |
| ကျော်အောင်လင်း | – | ကိုကိုးကျွန်းပြန် (နိုင်ငံရေးရူး) |
| မြကေနု | – | တင်အောင်လွင် ရည်းစား |
| သော်ဘိစိန် | – | ကျော်အောင်လင်းရည်းစား |
| ဦးဘဆက် | – | တရားသူကြီး (မြကေနုဖခင်) |
| ကိုသံခဲ | – | ဦးဘဆက်၏မိတ်ဆွေ |
| ဦးဘတင် | – | ရဲကြပ်ကြီး |
| ဘသိုလိုမြူ | – | သော်ဘိစိန်၏ ခွေးကလေး |

mgyoe.com

mgyoe.com

# မခင်နှင်းဆီ

သော်တာဆွေ

ဟာသဝတ္ထုကြီး

mgyoe.com

mgyoe.com

ပန်းကလေးလို လှနေတာလည်း ကြည့်နေချင်ပါသည်
ပန်းကလေးလို ညှိုးမှာကိုလည်း စိုးရိမ်မိသည်
နှင်းဆီ – နှင်းဆီ

# အခန်း (၁)

## (က)

ကျွန်တော်သည် စောင်ခြုံကိုဖွင့်၍ ခြေလက်ကိုဆန့်ရင်း အားရပါးရကြီး သမ်းဝေလိုက်ကာ...

"အား...ပေါ်ဦး"

အိမ်မှုကိစ္စကိုပြုရင်း ဆရာ၏အခြေကို အမြဲတမ်းနားစွင့်နေသော တပည့်ကြီးသည် ကျွန်တော်၏အိပ်ခန်းထဲသို့ ကြောင်၏ခြေလှမ်းမျိုးဖြင့် ညင်သာစွာ ဝင်ရောက်လာလျက်...

"ဆရာ..."

ကျွန်တော်သည် ညာဘက်နံစောင်းဖြင့် ခါးကိုလိမ်၍လှည့်ရင်း စားပွဲတင်နာရီကို ကြည့်မိ၍...

"အို...ညနေ ၆ နာရီတောင်ထိုးပြီကော"

ပေါ်ဦးသည် ကျွန်တော့်အိပ်ရာနံဘေးတွင် လက်နောက်ပစ်၍ ခြေစုံရပ်နေရာမှ တည်ငြိမ်သောအသံဖြင့်...

"မနက် ၆ နာရီပါ ဆရာ"

"ဩော်..."

mgyoe.com

mgyoe.com


ကျွန်တော်မှာ နံနက်စာ ထမင်းစားပြီးတုန်းက အိပ်သည်ဖြစ်၍ ရုတ်တရက် အံ့အားသင့်သလိုဖြစ်သွားပြီးမှ ကိုယ်ကို ပက်လက်ပြန်လှန်မိသောအခါတွင် ကျွန်တော့်ခြေရင်းဘက်မှ ဝါဝင်းသောနေခြည်ကိုမြင်သည်၌ ကျွန်တော် ပြုံးမိပါတော့သည်။

"ပေါ်ဦး"

"ဆရာ"

"မင့်ဆရာ အိပ်ရာကနိုးစမှာ ဒီလိုကျိစယ်တာ ကျေးဇူးတင်ပါတယ်ကွာ"

သို့သော် ပေါ်ဦးက မျက်နှာထားတည်တည်နှင့်...

"ကျွန်တော် မကျိစယ်ပါဘူးဆရာ"

ကျွန်တော် ထပ်မံပြုံးမိလျက်...

"ပေါ်ဦး"

"ဆရာ"

"မင်း ငါ့ကို အမူးမပြေသေးဘူးထင်တာကိုး"

"နည်းနည်း မူးရိပ်ကလေးတော့ ကျန်ဦးမှာပေါ့ဆရာ"

"ဒါပေမဲ့ ငါ့စက္ခုနှစ်ကွင်းက နေခြည်အလင်းကိုတော့ မြင်နိုင်ပါ သကွယ့်"

သို့တိုင် သူ့အမူအရာက လျှော့ပေးပုံမပေါ်သေးဘဲ...

"ဟုတ်ကဲ့...ဆရာ"

ယင်း၌ ကျွန်တော်ဖွင့်ရတော့သည်။

"ဒီမှာ ပေါ်ဦး"

"ဆရာ"

"တို့ဗမာလူမျိုးတွေဟာ အရှေ့နဲ့အနောက်ကို ဘယ်ဘက်ခေါင်းထားအိပ်ကြသလဲ"

"အရှေ့ဘက်ကိုပါ ဆရာ"

"နို့ပြီး...ဘာနရာဇာ ဒေါင်းစကြာဟာ အနောက်ပုဗ္ဗာက ထွက်ရိုးထုံးစံမရှိဘူး ဆရာ"

"အား...ဆောရီး၊ ပညာရှိပင် သတိဖြစ်ခဲ ဆိုပေသကိုးကွယ့်"ပြောပြီး ကျွန်တော်သည် အေးဆေးပိုင်နိုင်သောအသံဖြင့်...

"ဒါဖြင့် ဟောဒီမှာကြည့်စမ်းကွယ့်"

mgyoe.com

mgyoe.com

ကျွန်တော့်ခြေရင်းဘက်မှ ထိုးဝင်နေသော ရွှေစင်ရောင်နေခြည်နကို သူ့အားပြလိုက်ပါသည်။

"ငါ အမူးပြေပြီ ပေါ်ဦးရဲ့"

သို့သော် ပေါ်ဦးသည် မပြောင်းလဲသောမျက်နှာထားနှင့်ပင်...

"ဒါပေမဲ့ အခု ဆရာ့ခြေရင်းက ခုတင်ကာကို သတိပြုမိလောက်အောင်တော့ မကြည်လင်သေးပါဘူး ဆရာ"

သူပြောမှ ကျွန်တော် ရုတ်တရက်ကြည့်လိုက်မိရာ...

"အား...ငါ ခုတင်ခေါင်းရင်းနဲ့ခြေရင်း မှားအိပ်နေတာကိုး"

"ဟုတ်ကဲ့...ဆရာ၊ ကိုယ်တစ်ပတ်လည်နေတာကို ကျွန်တော်ခေါင်းအုံး ယူပြီး ခုပေးထားရတယ်ဆရာ"

"ဟိုက်...ဒါဖြင့် ငါတစ်နေ့ခင်းနဲ့ တစ်ညကို တစ်ကျိုးတည်းအိပ်ပစ်လိုက်ပါပကော၊ ဒီနေ့ဟာ မနေ့က မဟုတ်တော့ပါဘဲ ကရို"

ဝီစကီ...ဝီစကီ...စကော့ချ်ဝီစကီ။ မနေ့က ကျွန်တော့်သူငယ်ချင်း တင်အောင်လွင် သူ့မဒီနှင့် စေ့စပ်ကြောင်းလမ်းပြီးသည်၏ ဝမ်းသာခြင်း အထိမ်းအမှတ်ဖြင့် မီးရထားဟိုတယ်မှာ မိတ်ဆွေတွေစုံတုန်း သဘောရှိ ကလောဟိခဲ့ခြင်းဖြင့် ကျွန်တော် အမူးလွန်သွားပါသည်။ ကိုယ့်ရေချိန်ကိုယ် မမှန်းမိနိုင် ဖြစ်သွားပါသည်။

ကျွန်တော် မီးရထားဟိုတယ်ကအပြန်မှာ အားလုံးလူတွေနှုတ်ဆက်ပြီး ကားပေါ်တက်ခဲ့သည်သာ သတိရ၍ ယခု နံနက် ၆ နာရီနှင့် မနေ့က ညနေ ၆ နာရီ မှားသည်အထိပင် ဖြစ်တော့လေသည်။

ကျွန်တော် အိပ်ရာကထလိုက်သည်၌ ခေါင်းထဲ၌ မူးနောက်နောက်ပင် ရှိသေးလေ၍...

"ဟေ့...ပေါ်ဦး"

"ဆရာ"

"ငါ ဖရုဆော့လ်သောက်မှ ဖြစ်မယ်ကွ"

"ဟော့ဒီမှာ ကျွန်တော် အသင့်ပြင်ခဲ့ပြီးပါပြီ ဆရာ"

အချို့လူတို့သည် လွန်ခဲ့သောနေ့က အမူးလွန်ခဲ့သည်ကို 'ပစ်ကမီအပ်'ဆို၍ ထပ်သောက်ခြင်းဖြင့် ခေါင်းကိုက်ပျောက်စေကာ ရီတီတီမူးသည့်အရသာကို ဆက်ပြီးခံစားကြသည်။ ကျွန်တော်ကား သောက်တုန်းက 'နောက်ကမီဒေါင်း' အလိုရှိ၍ နောက်နေ့မှာ ဆက်ပြီးမမူးလို။ အမူးအို အမူးဟောင်း

mgyoe.com

mgyoe.com


ကြီးကို မခံစားချင်သောကြောင့် အစာအိမ်ကို ဆေးကြောပစ်လိုက်သည်သာ ဖြစ်ပါသည်။ သို့မဟုတ်ဘဲ အလျဉ်မပြတ် ဆက်သောက်တတ်သောအကျင့်ရှိနေပါမူ ဝမ်းထဲ အရက်ဓာတ်ကုန်သည်နှင့်တစ်ပြိုင်နက် လက်တုန်ခြေတုန် ဖြစ်လာတတ်ပါသည်။

ကျွန်တော်သည် ပေါ်ဦးစီမံထားသော ဝမ်းနုတ်ဆေးကိုသောက်ပြီး သောအခါ၌ အိပ်ရာထဲ ပြန်မှေးနေလိုက်ပါသည်။ တော်တော်လေးအကြာတွင် ပေါ်ဦးသည် နွားနို့မပါသော ကော်ဖီခါးခါးတစ်အိုးကို ယူလာပါသည်။

ကျွန်တော် အိပ်ရာမှထထိုင်လိုက်ပြီး ကော်ဖီမပူမအေး ကြက်သီး နွေးကိုသောက်ရင်း...

"ပေါ်ဦး"

"မနေ့က ငါ့ဆီလာတဲ့စာများ ရှိသလား"

"မရှိဘူး ဆရာ"

"တယ်လီဖုန်းခေါ်တာများကော"

"တယ်လီဖုန်းတစ်ခုတော့ အခုမနက်ပဲ ခေါ်တယ်ဆရာ"

"ဘယ်သူ့ဆီကလဲ"

"ဆရာ အန်တီမြဆီကဆရာ"

"ဩ...အန်တီမြ၊ ဘာတဲ့လဲကွ"

"ဆရာ့ကို စကားပြောချင်လို့ ဆရာအိပ်ရာကနိုးရင် သူ့ဆီဖုန်းဆက် စမ်းပါတဲ့ ဆရာ"

"သြော်"

"ကျွန်တော် ဖုန်းခေါ်ပေးရမလားဆရာ"

"အား...နေပါဦး"

ကျွန်တော် ရုတ်တရက်စိတ်ကူးရသည်နှင့် "ငါ သူ့ဆီကို လူကိုယ်တိုင် သွားမယ်ကွ၊ မနက်စာ ဟိုမှာစားမယ်ကွ"

"ကောင်းပါပြီ ဆရာ"

မိတ်ဆွေစဉ်းစားကြည့်ပါ။ ဝမ်းနုတ်ပြီးသောအခါ၌ ထမင်းကောင်း၊ ဟင်းကောင်းကို မြိန်မြိန်ကြီးစားချင်သည် မဟုတ်ပါလား။ ဤအချိန်တွင် လူ့ပြည် တွင် ထမင်းကောင်း၊ ဟင်းကောင်းသည် ဘယ်မှာရှိသနည်း။ ကျွန်တော့်ကိုမေး၊ အန်တီမြအိမ်မှာ သူတို့၏ ခန္တမာ 'တိုနီ' ချက်သောလက်ရာ ဖြစ်ပါသတည်း။

mgyoe.com

mgyoe.com

ထမင်းချက်တိုနီ၏ အကြောင်းကိုဖြင့် ကျွန်တော် မိတ်ဆွေအား ပြောခဲ့ဖူးပေါင်းများပြီ ထင်ပါရဲ့။ သို့သော် နည်းနည်းကလေးထပ်ပြီး လျှာရှည်ပါရစေဦး။ တိုနီလက်ရာ မည်မျှကောင်းသည်ကို ကျွန်တော်တတ်စွမ်းသမျှ စကားအရာနှင့် ပြောရလျှင် သူစိမ်ပေးသော ထမင်းစားပွဲတွင် ထိုင်စားနေရသောအခါများ၌ ကျွန်တော်သည် ဘယ်တော့မှ ဝမ်းဗိုက်မပြည့်အောင် ဖြစ်နိုင်မည်ဆိုခဲ့သော် ကျောကုန်းက အပေါက်ဖောက်ပြီး အစာတွေကို အပြင်သို့ ပြွန်နှင့်သယ်၍ ထုတ်ထားချင်ပါ၏။ ဤအထိ အရသာထူးလှပေသည်။ မိတ်ဆွေနားလည်ပါတော့။

"မောင်ဆွေရဲ့…စိန်ကောင်း ကျောက်ကောင်းဟာ မင်းမှာပိုက်ဆံရှိရင် လိုချင်သလောက်ရတယ်ကွယ့်၊ တိုနီလို ထမင်းချက်ကောင်းကတော့ကွာ မင်းဗမာပြည်မှာ ပတ္တမြားလှည်းတစ်စီးတိုက်တင်ပြီး လိုက်ရှာစမ်းပါ"

ဤကား အန်တီမြ၏စကား။ ဒါကို ကျွန်တော်က ခြွင်းချက်တစ်စက်ကလေးမရှိ ထောက်ခံသည်။

ထို့ကြောင့်…

"ပေါ်ဦး"

"ဆရာ"

"ငါသွားဖို့ ကားအသင့်ပြင်ထားကွ"

ဤနေရာ၌ ပေါ်ဦးသည် ကိုယ်ဟန်ကို အနည်းငယ်ပြင်လိုက်၍…

"ကားမရှိဘူးဆရာ"

"အို…ဘယ်ရောက်သွားတုန်း"

"မနေ့ကပဲ မိုင် ၅၀၀ ပြည့်လို့ 'ဆားဗစ်စ်'ပို့ထားလိုက်တယ်ဆရာ၊ အခုညနေမှ ရမယ်ဆရာ"

"အိုး…မိုင်ဂေါ့ဒ်"

ကျွန်တော့်မော်တော်ကားမှာ စီး၍ မိုင် ၅၀၀ ပြည့်တိုင်းပြည့်တိုင်း အင်ဂျင်ကိုဆေးကြောရန် ချို့ယွင်းချက်ရှိလျှင်ပြုပြင်ရန် ဝယ်သောတိုက်က တာဝန်ယူပါသည်။

ထို့ကြောင့် ကျွန်တော်သည် နံနက် ၁၀ နာရီခန့်တွင် ကိုယ်လက်ပေါ့ပါးသွား၍ ရေမိုးချိုးပြီးသည့်နောက်၌ ကိုယ်ပိုင်မော်တော်ကားအစား ဖဲထီးကိုဆောင်း၍ ဘတ်စ်ကားဆိပ်သို့ ထွက်ခဲ့ရပါတော့သည်။

mgyoe.com

mgyoe.com


ဤမျှ ကျွန်တော်သည် အန်တီမြ၏ အိမ်ထဲကို ဝင်မိသည်နှင့် တစ်ပြိုင်နက် တစ်ခါမှမကြုံဘူး မကြားဘူးသော ကင်းဝန်မင်းကြီးကွမ်းအစ်၊ တင်အောင်လွင်၏ မှတ်စုစာအုပ်နှင့် သမီးရည်းစားနှစ်စုံ၏ အချစ်ဇာတ်ရှုပ်ကြီးထဲသို့ မခင်နှင်းဆီနှင့် ပါဝင်ကပြရန် လက်မှတ်ထိုးလိုက်မိသည်နှင့်သာ တူပါတော့၏။

## ( ၁ )

အန်တီမြအိမ်ထဲသို့ ရောက်လျှင်ရောက်ချင်း ပထမဦးဆုံးတွေ့ရသူ မှာ အန်တီမြယောကျ်ား ဦးကြီးချစ် ဖြစ်ပါသည်။ သို့သော် ဦးကြီးချစ်က ကျွန်တော့်ကို မမြင်ချေ။ ကျွန်တော်လာသည့်ဘက် ကျောခိုင်းကာ သူ့ဗီရိုကြီး ထဲကပစ္စည်းတွေကို စိတ်ဝင်စားနေ၏။

ဤနေရာ၌ လာမည့်ရှေ့ဇာတ်လမ်းအတွက် ကျွန်တော့်ဦးကြီးချစ် ပေါ်ကြောင်ပုံကို ဖော်ပြထားရဦးမည်။ ပိုက်ဆံချမ်းသာသူများသည် အသက်ကြီး လာသောအခါ၌ တစ်ခုခုဘက်ကို လိုက်စားတတ်လေရာ ကျွန်တော့်ဦးကြီး ဝါသနာကား ရှေးဟောင်းပစ္စည်းများကို ရှာဖွေဝယ်ယူ စုဆောင်းတတ်ခြင်းပင် ဖြစ်၏။ သူ့မှာ ဒီကိစ္စနှင့်သာ ထာဝရအလုပ်များလျက်ရှိသည်။ သူ ရပြီးသော ပစ္စည်းများကို အရိပ်တကြည့်ကြည့်နေသည်။ အိမ်သို့ တစ်စုံတစ်ယောက် ဧည့်သည်လာလျှင် အဲဒီဟာတွေ တစ်ခုစီပြပြီး ပြောဆိုနေရပါက တစ်ဖက်လူ စိတ်ပါလား၊ မပါလား မစဉ်းစား။ သူထမင်းစားဖို့ပင် မေ့သည်။ ဤကိစ္စ မျိုး၌ ကျွန်တော့်လိုကောင်ကိုပင် ချမ်းသာမပေးတတ်ချေ။

ထို့ကြောင့် ကျွန်တော်သည် သူ၏ဘေးဒဏ်မှ လွတ်ကင်းအောင် အသာကလေး ခြေဖွပြီး အတွင်းခန်းသို့ဝင်ခဲ့ပါ၏။

အစေခံမကလေးကိုတွေ့လျှင်...

"ဟေ့...အန်တီမြ ဘယ်မှာလဲ"

"သူ့အလုပ်ခန်းထဲမှာ ကိုကို"

ဩ...သူ့အလုပ်ခန်းထဲမှာဆိုလို့ အန်တီမြ ဘာလုပ်သနည်း။ ပြောပြ ရဦးမည်။ ရှေးယခင်ကလည်း မိတ်ဆွေကို ကျွန်တော်ပြောပြဖူးသည် ဖြစ်ပါ လိမ့်မည်။ ထို့ကြောင့် အကျယ်ချဲ့စရာလိုမည် မထင်ပါ။ ကျွန်တော့်အန်တီ

mgyoe.com

mgyoe.com


ကား ကုမ္ပာရီလက်စွဲ "တော်လေးဝဂျာနယ်"ကြီးကို ငွေစလေးစုမိလိုက်၊ ထုတ်ဝေလိုက်ပြုနေသော စာရေးဆရာမ "ဒဂုန်မြမြကြီး"ဖြစ်ပါ၏။

သူ့အခန်းဝသို့ဝင်မိလျှင် စားပွဲပေါ်တွင် စာရွက်တွေ တစ်ပုံတစ်ခေါင်းကြီးနှင့် အလုပ်များနေသော အယ်ဒီတာမကြီးကိုတွေ့ရ၍ ကျွန်တော်က ချိုလွင်သောအသံဖြင့်...

"ဟဲလို...အန်တီ"

သို့သော် အန်တီမြက ကျွန်တော့်မျက်နှာမြင်ရသည်ကို တယ်ပြီးနှစ်မြို့ဟန်မတူဘဲ...

"ဟော့ကောင်...မင့် ဒီလာဖို့ ဘယ်သူကမှာလို့လဲ"

"နို့...အန်တီမြ ကျွန်တော့်ဆီ မနက်က ဖုန်းဆက်တယ်မဟုတ်လား"

"ငါဖုန်းဆက်တာက မင်းနဲ့ ဖုန်းစကားပြောရုံတင် လိုချင်တာကွ၊ ငါ အခု ဘယ်လောက်အလုပ်များနေသလဲ၊ မင်းကြည့်စမ်း"

"အန်တီမြက ဘာကြောင့် အလုပ်များရတာတုံး"

"စာဆိုတော်နေ့မှာ စာအုပ်ထွက်ဖို့လေကွာ"

"အန်တီမြတို့ စာရေးဆရာတွေဟာ အဲဒီအချိန်ကျရင် အရူးထကြပြီး ပြဇာတ်တကက်ကလိုက၊ စာတစ်အုပ်ကို မဖြစ်ဖြစ်အောင်လုပ်၊ ထုတ်လိုထုတ်နဲ့ ဟဝါရာသီချိန်ကျနေတာပဲ"

"ဒါ..တို့တာဝန်ကိုကွ၊ ကဲ...မင်းနဲ့မတန်တဲ့အကြောင်း ပြောမနေပါနဲ့၊ ငါ မင့်ခိုင်းချင်တဲ့ကိစ္စ၊ ဟော့...ဒီမှာ မောင်ဆွေ သေသေချာချာနားထောင်စမ်း"

ကျွန်တော် နားရွက်နှစ်ခုကို အထက်သို့ဆွဲ၍ ဆန့်ကာ...

"ပြောပါ၊ ဒါ အစွမ်းကုန်ထောင်နေတာပဲ"

"အင်း...အဲဒါမှ ခွေးနားရွက်နဲ့တူသွားတယ်"ဆိုပြီး "ဒီမှာ မောင်ဆွေ၊ ဖရေဇာလမ်းနဲ့ ဘားလမ်းထောင့် အရှေ့ဘက်ပလက်ဖောင်းက ဆယ်လှမ်းလောက်လျှောက်သွားတဲ့အခါမှာ 'ပဝေသဏီ'ဆိုတဲ့ ဆိုင်းဘုတ်ကြီးနဲ့ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်ရှိတယ်၊ အဲ့ဒီဆိုင်မှာ 'ကင်းဝန်မင်းကြီးကွမ်းအစ်' ဆိုတာ ရှိသတဲ့"

"ဘာ...ကင်းဝန်မင်းကြီး ကွမ်းအစ်"

"အေးကွာ...ကင်းဝန်မင်းကြီးဦးကောင်း သုံးခဲ့တဲ့ကွမ်းအစ်တဲ့ကွာ၊ ငွေထည်တဲ့၊ ရှေးအမှတ်အသားတွေ ပါသတဲ့"

"အဲဒါ ကျွန်တော်က ဘာလုပ်ရမှာလဲ"

mgyoe.com

mgyoe.com


"ဒါကို မင်းက ရာဇဝင်သုတေသနပုဂ္ဂိုလ်လို စတိုင်မျိုးနဲ့သွားကြည့်ပြီးတော့ ဦးခေါင်းယမ်းပြ၊ နှုတ်ခမ်းရွဲ့ပြ"

"ဘာလဲ...ကျွန်တော့် အကြောဆွဲနေတဲ့လူ အောက်မေ့အောင်လား"

"မဟုတ်ဘူးကွ၊ ဒါဟာ ကင်းဝန်မင်းကြီးကွမ်းအစ် အစစ်မဟုတ်ကြောင်း သိတဲ့အမူအရာမျိုး ပြဖို့ကွ"

"ဘာကြောင့်လဲ"

"အဲ့ဒီကွမ်းအစ်ကို မင့်ဦးချစ်က ဝယ်မယ်လို့ စကားပြောထားတယ်၊ ဈေးကသိပ်ဆိုနေလို့ ဈေးလျှော့အောင်လုပ်ဖို့ကွ"

"အို...ဦးကြီးချစ်လိုလူက ဒါမျိုး ဈေးများများပေးရလေ အဟုတ်ကြီးမှတ်ပြီး ဂုဏ်ရှိလေထင်နေတာ၊ သူ့အရှိန်နဲ့သူ လိမ့်ပါစေဗျာ"

"ဟုတ်တော့ ဟုတ်သပေါ့ကွာ၊ ဒါပေမဲ့ အခု ဒီကိစ္စ ငါနဲ့သက်ဆိုင်နေတာက ငါက အခု သူ့ဆီက နတ်တော်လစာဆိုတော်နေ့ စာအုပ်ထုတ်ဖို့ ပိုက်ဆံတောင်းရမယ်ကွ၊ ဒီတော့ အဲ့ဒီကွမ်းအစ်မှာ သူငွေသိပ်ကုန်နေရင် ဒီလ နောက်ထပ် ငွေမထုတ်နိုင်တော့ဘူး ပြောနေမှာစိုးလို့ကွ"

အန်တီမြတို့စီးပွားရေးမှာ ငွေကို ဦးချစ်နာမည်နှင့် ဘဏ်မှာထားသည်။ အသုံးစရိတ်စာရင်းအင်းကို ဦးကြီးချစ်ကကိုင်သည်။ အမြဲတမ်းလိုလို အရင်းမပြန်သော အန်တီမြ၏ စာအုပ်ထုတ်ဝေရေးကို ဦးကြီးချစ်က သဘောမကျချေ။ ချစ်မယားကြီး အရှုံးထသည်ကို မလွှဲသာ၍ကြည့်နေရခြင်းဖြစ်သည်။ သူကလည်း ရှေးဟောင်းပစ္စည်းများနှင့် ပေါကြောင်ဘိသကိုး။

အန်တီမြအပြောမှာ "ငါ့စာအုပ်က ရှုံးမှာပေါ့ကွ၊ လူကြိုက်များတဲ့ အပေါစားစာပေမျိုးကို ထုတ်တာမှမဟုတ်တာဘဲ၊ တိုင်းပြည် စာဖတ်ပရိသတ် အဆင့်အတန်း မမြင့်သမျှတော့ ငါ့စာအုပ်မျိုးဟာ ရောင်းကောင်းမှာမဟုတ်ဘူးကွ"

ဤစကားကို သတိရသည်နှင့် ကျွန်တော်က ခေတ္တစကားပြတ်နေရာမှ...

"အန်တီကလဲဗျာ...နတ်တော်လသော ဘာသော တိုင်းပြည်စာဖတ်ပရိသတ် အဆင့်အတန်းမမြင့်သမျှ အန်တီ့စာအုပ်ကို မထုတ်ဘဲထားပါဦးလားဗျ"

ယင်း၌ အန်တီမြသည် ရုတ်တရက် မျက်နှာထားတင်းလိုက်ကာ...

mgyoe.com

mgyoe.com

"မင်း ခွေးစကားမပြောစမ်းနဲ့၊ သွား...ငါခိုင်းတာလုပ်စမ်း"

သို့သော် ကျွန်တော်က အပျော့ချွဲသံဖြင့်...

"အန်တီမြခိုင်းတာကတော့ တစ်သဆေမတိမ်း လုပ်ချင်ပါရဲ့ဗျာ၊ သို့သော် ကျွန်တော့်မှာ ခုအချိန်ဖြင့် ဘယ်မှသွားနိုင်တဲ့အင်အား မရှိဘူး၊ တိုနီချက်တဲ့ မနက်စာကလေး စားလိုက်ရမှ..."

"အောင်မာ...ခွေးကောင်၊ ထမင်းစားချင်လို့လာတာကိုး"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် မနေ့က ညစာထမင်းလွတ်သွားတယ်၊ အခုမနက် ဝမ်းနုတ်ခဲ့ရတယ်"

ထိုအချိန်၌ အန်တီမြသည် အားနည်းနေသော ကျွန်တော်၏မျက်နှာ သွပ်ချောင်ချောင်ကလေးကို စေ့စေ့ကြည့်မိလျက်...

"အင်း...မင်း မနေ့က အသောက်လွန်ပြန်ပြီ မဟုတ်လား၊ မျက်နှာကို လူသေမျက်နှာကလေး ဖြစ်နေပြီ၊ ဒီလိုသာ အမြဲတမ်းလွန်နေရင်ဖြင့် မင်း အသက်တိုလိမ့်မယ်၊ သတိထား..."

"အမြဲတမ်းမဟုတ်ပါဘူး အန်တီရာ၊ မနေ့ကမှ ဟိုကောင်တင်အောင်လွင် သူလက်ထပ်ခါနီး လူပျိုဘဝနှုတ်ဆက်ပွဲကလေး ကျင်းပတာမှာ အပေါင်းစုံတာနဲ့ အရက်ကောင်းတာနဲ့ လွန်သွားတာပါ"

"ဘယ် တင်အောင်လွင်တုန်း၊ ဟို ဦးဘလွင်သား ငါးရှုးကလေးလား"

ကျွန်တော့်သူငယ်ချင်းထဲ၌ တင်အောင်လွင်သည် တစ်မျိုးကောင် ဖြစ်ပါသည်။ သူ့တွင် ရွှေငါး၊ ငွေငါး အမျိုးမျိုးထည့်သော မှန်သေတ္တာကြီး များရှိ၍ ဉာဏသတ္တဝါတို့၏သဘာဝကို လေ့လာပါသည်။ သူ့ငါးတွေကို သွားကြည့်မည်ဆိုလျှင် ဘယ်ငါးနှင့် ဘယ်ငါးသည် လင်မယားဖြစ်၍ ဘယ်ဒင်းက သူတို့သားသမီးဖြစ်ကြောင်း၊ ယခု ဘယ်ငါးမမှာ ကိုယ်ဝန်ရှိနေ၍ သူ့လင် ငါးထီးက ဟိုငါးမနှင့်ဖောက်ပြားတာကို ထိုငါးမကလိုက်ကိုက်ကြောင်း၊ ဒီ ငါးမကလေးမှာ အပျိုဖြစ်၍ ဟော့ဒီ ငါးမုဆိုးဖိုကြီးက လိုက်ဂေါ်နေကြောင်း စသည်ဖြင့် ငါးအိမ်ထောင်ရေး တသီတတန်းကြီး ပြောတတ်ပါသည်။

"ဟုတ်တယ် အန်တီ"

"ဘယ်သူနဲ့လဲကွယ့်"

"မြကေနနဲ့လေ"

"ဟို တရားသူကြီးသမီး အူကြောင်ကြောင်ကောင်မလေးလား"

mgyoe.com

mgyoe.com


"အစစ်ပေါ့"

"မင်းကလည်း အဲဒီကောင်မလေးကို တစ်ခါတုန်းကကြိုက်သေးဆို"

"အလကား...ဟိုပါတီတစ်ခုမှာတုန်းက ခင်မောင်ဇော်က နောက်တာပါ၊ ဒါကို တေီမက တကယ်မှတ်ပြီး မိန်းမချင်းလျှောက်ကြွားနေတာ၊ ဒီလိုချာတူးမမျိုး ကျွန်တော်က စိတ်ကူးမထည့်သေးဘူး၊ တင်အောင်လွင်မှ ငါးအိမ်ထောင်ရေးသာ နားလည်ပြီး လူ့အိမ်ထောင်ရေး ဘာမှမသိလို့..."

"မင်းက ဒီကောင်မလေး ယူမယ်ဆိုတောင် ငါက သဘောမတူသေးဘူး၊ သူ့အဖေ ဦးဘဆက်ကြီးက ကောင်းတာမဟုတ်ဘူးကွ"

"အန်တီမြနဲ့ ဒီလူကြီးသိလို့လား"

"သိတာပေါ့ကွ၊ သူလည်း ရှေးဟောင်းပစ္စည်းရှူး၊ မင့်ဦးကြီးချစ်မိတ်ဆွေပဲလေ၊ ဘယ်လောက်များ ယုတ်သလဲဆိုရင် မင်းကြည့်၊ တစ်ခါတုန်းက ငါ့အိမ်မှာ လာထမင်းစားတော့ စားရသောက်ရတာ ခံတွင်းတွေ့လှတယ်ဆိုပြီး ကျေးဇူးဆပ်ပုံက ငါ့ထမင်းချက်တိုနီကို ဒီကအလုပ်ကထွက်ခဲ့၊ သူလခပိုပေးမယ်လို့ တိတ်တိတ်ခေါ်သတဲ့ကွ"

ကျွန်တော်ပါ မခံချင်ဖြစ်ကာ...

"အောင်မာ...တယ်ဟုတ်တဲ့လူကြီးပဲ"

"အေးကွယ့်...ဒါနဲ့ ငါ့မှာ တိုနီ့ကို လခနှစ်ဆ ပေးလိုက်ရပါရောလားကွ"

"ဒါတော့ အန်တီလမ်းမှန်ပဲ၊ တိုနီလိုကောင် လက်မလွှတ်အောင်ဖြင့် သူ့လခပေးစမ်းပါ၊ နှစ်ဆမဟုတ်ဘူး၊ သုံးဆ လေးဆက ၇၅ ဆအထိ"

နောက် ကျွန်တော်တို့ တူဝရီးနှစ်ယောက် ခေတ္တစကားပြတ်နေကြသည်။ ပြီးမှ အန်တီမြက...

"ဒါဖြင့် မင့်တင်အောင်လွင်ဟာ ကောင်မလေးက တစ်ဦးတည်းသမီးဆိုတော့ ယောက္ခမကြီးအိမ်ပါ လိုက်နေရမှာပေါ့"

"အခုပဲ ဧစပ်ပြီးကတည်းက ယောက္ခမအိမ် ရောက်နေပြီလေ၊ အမယ်...အခု ပဲခူးမှာ ဦးဘဆက်က ပင်စင်ယူပြီး နေဖို့ဝယ်တဲ့ 'နန္ဒမာလာ'ဆိုတဲ့ အိမ်ကြီးက တယ်ကောင်းဆိုပဲဗျ၊ ဗိုလ်အိမ်ကြီးတဲ့၊ တင်အောင်လွင်က ပြောတယ်"

"ကောင်းမှာပေါ့ကွာ၊ တရားသူကြီးလုပ်ပြီး မတရားရတဲ့ပစ္စည်းတွေနဲ့

mgyoe.com

mgyoe.com

ဝယ်ထားတာပဲ" အန်တီမြမှာ ဦးဘဆက်ကြီးကို အတော်မုန်းတီးနေပါသည်။

"ကဲ...ကဲ ဒီစကားတွေဖြတ်ပြီး မင်းထမင်းစားပြီးရင် ငါခိုင်းတာကိုသွားရမယ်"

"တိုနီချက်တဲ့ ထမင်းဟင်းသာ စားပြီးတော့ဖြင့် အန်တီခိုင်းချင်ရာ ခိုင်းတော့၊ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်ရမလား"

"ဖင်ခေါင်းက ကျယ်လိုက်တာ"

"ဟုတ်တယ်...အကောင်းပြောတာ အန်တီရ"

"ကဲ...ဒါဖြင့် ငါ အခုပြောတာ မှတ်မိလား"

"ဘာလဲ"

"အဲ...လုပ်ပြီ၊ ကဲ...ငါအစဖော်ပေးမယ်၊ ဖရေဇာလမ်း အရှေ့ဘက် ပလက်ဖောင်း"

"အား...သိပြီ၊ ဘားလမ်းထောင့်က..."

"တောင်ဘက်ကို ခြေဆယ်လှမ်းလောက် လျှောက်သွား"

"အတီတေ..လား...အဲ...အဲ...ပဝေသဏီဆိုတဲ့ ရှေးဟောင်းပစ္စည်းဆိုင် တွေအထဲဝင်ပြီး ကွမ်းဝင် မင်းကြီး ကင်းဝစ်"

"ကင်းဝန်မင်းကြီး ကွမ်းအစ်ပါကွ"

"ထားပါတော့ဗျာ၊ အဲဒါယူကြည့်ပြီး ခေါင်းယမ်းပြ၊ နှုတ်ခမ်းရွဲ့ပြ၊ ပြီးတော့..."

"ဒါ အစစ်မဟုတ်ဘူး၊ အတုကြီးလို့ ပြော"

"အိုကေ...အောရိုက်"

## ( ၈ )

ပဝေသဏီတိုက်ဆိုင်ကား သူ့အဆောက်အအုံကိုကပင် အင်မတန် ရှေးကျပောင်းမြင်း၍ အတွင်းဘက်မှာ အလင်းရောင်လုံလောက်စွာမရဘဲ မှုန်ပျပျ ဖြစ်နေသည်။

ကျွန်တော် ဆိုင်တွင်းသို့ရောက်သောအခါ၌ ပစ္စည်းများကိုကြည့်နေ သော လူနှစ်ယောက်ကို တွေ့ရသည်။ ဤအထဲမှ တစ်ယောက်သောသူကား အခြားသူဟုတ်ပါရိုးလား။ သေခဲဦးမည့်လူကြီး၊ အခုနပင် သူ့အကြောင်းကို ကျွန်တော်နှင့်အန်တီမြ ပြောခဲ့သည်မဟုတ်ပါလား။ တင်အောင်လွင်၏ ယောက္ခမ လောင်း မြကေနု၏ဖခင်ကြီး ဦးဘဆက်ပင် ဖြစ်တော့၏။

mgyoe.com

ဒီလူကြီးကိုကား ကျွန်တော်က လူချင်းမသိဘိလည်း ကောင်းစွာမှတ်မိနေသည်။ တစ်ခါတုန်းက သူသည် ကျွန်တော့်အိတ်ထဲက ငွေအစိတ်ကို မသဒ္ဒါရေစာ ကျိတ်လိုက်သည်။ အဖြစ်ကိုရှင်းရလျှင် ဖဆပလကြီးမကွဲမီ ကျွန်ုပ်တို့ နိုင်ငံတော်ဝန်ကြီးချုပ်လင်မယား ရုရှားအလည်သွားစဉ်က ဝန်ကြီးချုပ်ကတော်ကို ပတ္တမြားတစ်ဆင်စာ လက်ဆောင်ပေးတဲ့ မာစတာကြီးဘူလ်ဂနင် လာတုန်းကပေါ့၊ ကျွန်တော့်သူငယ်ချင်း ကျော်အောင်လင်းဆိုတဲ့ လက်ဝဲကောင်က သူတို့ဘုရားကြီး ဘူလ်ဂနင်ကိုမြင်ရတာနဲ့ သူ့လည်ပင်းလာဖက်သလောက် ဝမ်းသာအားရဖြစ်ပြီး အရက်ဆိုင်ထဲမှာ "ရဲဘော်ကြီးဘူလ်ဂနင် အသက်ရာကျော်ရှည်ပါစေ"၊ "ရဲဘော်ကြီး ကရုရှက် အသက်ရာကျော်ရှည်ပါစေ" ဆိုဆိုပြီး တစ်ခွက်ပြီး တစ်ခွက် ဝက်ဝက်ကွဲအောင် နက်လိုက်ကြတာ ဟိုလူကြီးနှစ်ယောက်တော့ တကယ်ပဲ အသက်ရှည်မလားမသိဘူး။ ကျွန်တော်ဖြင့် ဆိုင်ရှင်က နှင်လို့ အရက်ဆိုင်ထဲက ထွက်ခဲ့တာပဲ မှတ်မိတော့တယ်။ နောက်တစ်နေ့မနက် သတိရတော့ ကျွန်တော်ဟာ ဘားလမ်းအချုပ်ခန်းထဲမှာဗျ၊ ကျော်အောင်လင်းတော့ မပါဘူး။ သူတို့လက်ဝဲသမားတွေက အရေးကိစ္စရှိရင် တယ်လျှင်တယ်ဆိုသကိုး။

အဲဒီမှာ ကျွန်တော့်ကို အမူးလွန်လို့ တစ်ညချုပ်ထားရုံတင်မဟုတ်ဘူး။ ပုလိပ်တစ်ယောက်ရဲ့ဦးထုပ်ကို ဆွဲချွတ်လို့ ယူနီဖောင်းစော်ကားမှုတဲ့။ ရုံးတင်ပြီး ဒဏ်ငွေအစိတ်ချလိုက်တယ်။ ၎င်းတရားသူကြီးကား မိတ်ဆွေသိပြီပေါ့။

ကျွန်တော့်စိတ်ထဲ၌ ငနဲကြီးကတော့ ကျွန်တော့်ကို မမှတ်မိတန်ရာဟု ထင်ပါသည်။

သို့သော်...သို့သော်...ကျွန်တော့်ကိုမြင်လျှင် တရားသူကြီးမျက်နှာနှင့်ပင် ကျွန်တော့်ကို တရားခံကြည့်ကြည့်၍...

"ဟော့...ဟော့...ဟော့ကောင်...အောင်မာ..."

ကျွန်တော်လည်း သူနှင့်မျက်စိချင်းဆုံမိလျှင်ပင် ခပ်လန့်လန့်ဖြစ် နေ၍...

"ဗျာ...ဗျာ"

သူသည် ကျွန်တော့်ကို ခြေဆုံးခေါင်းပိုင်းကြည့်ကာ အံ့သြဟန်ဖြင့်...

"ငါ့ကောင် တစ်သွေးတစ်မွေး ဖြစ်နေပါလား၊ မင်း ဘယ်တုန်းက လွတ်လာလဲ၊ လျှော့ရက်ရတယ်ထင်တယ်၊ ဘာလဲ မင်္ဂလာစာမေးပွဲ ဖြေခဲ့ရသလား၊ ငါ သုံးလချလိုက်တာပဲ"

mgyoe.com

mgyoe.com


အင်း…လူမှတ်မိတာကတော့ ဟုတ်ပါပြီ။ အမှုကတော့ မှားလေပြီ။

ကျွန်တော် တံတွေးမျိုချကာ…

“မဟုတ်ပါဘူး၊ ဦး လူမှားနေပါတယ်”

“အောင်မာ…ငါ့တရားခံတစ်ယောက်ကို ငါဘယ်တော့မှ မမှားဘူးကွ၊ နေပါဦး…မင်းအမှုက (သူခေတ္တစဉ်းစားပြီး)…

“အဲ…အဲ…ငါသတိရပြီ၊ ဘူတာရုံမှာ အမျိုးသမီးတစ်ယောက်ရဲ့ လက်ဆွဲအိတ်ကို လုပြေးမှု၊ မင်း ဘာငြင်းချင်သေးလဲ”ဆိုပြီး ကျွန်တော်က ဘာမှပြန်မဖြေရသေးမီ သူ့အဖော်ဘက်လှည့်၍ “ဟေ့…ဒီမှာကွယ့် မောင်သံခဲ၊ ငါ အပြစ်ပေးလိုက်တဲ့ တရားခံတစ်ယောက် လူကောင်းဖြစ်လာတာ ဝမ်းသာစရာပဲ”

သူ့အဖော် မောင်သံခဲမှာ ကျွန်တော့်ထက် အသက်အနည်းငယ်မျှကြီးမည်ဖြစ်သော်လည်း သူ့ကိုယ်လုံးကိုယ်ထည်မှာ နာမည်နှင့်လိုက်အောင် တုတ်ခိုင်မာကျောလှ၍ အရပ်မှာ ခြောက်ပေမျှရှိသဖြင့် ကျွန်တော်က မော့်ကြည့်ရပေသည်။ သူသည် ကျွန်တော့်ကို ဟစ်တလာ၏မျက်လုံးမျိုးဖြင့် စိုက်ကြည့်ပြီးနောက် ဦးဘဆက်ကြီးဘက်လှည့်၍…

“ခင်ဗျား ဘာကြောင့် လူကောင်းဖြစ်လာပြီ ပြောနိုင်တာလဲ”

သူ့အသံကား ဦးဘဆက်ကြီးကိုပင် တယ်ပြီးလေးစားဟန်မပေါ်ချေ။

အဘိုးကြီးက ကျွန်တော့်ကို မျက်စိတစ်ချက်ဝင့်ပြပြီး…

“ကြည့်ပါလားကွယ့်၊ သူ့အမူအရာနဲ့ အဝတ်အစားက တော်တော်အထက်တန်းကျနေတာ”

ကျွန်တော်ကား သူတို့ဆီမှ ကျောခိုင်းခဲ့ပြီ။

“အဝတ်အစားကောင်းတာက သူအပေါက်ကောင်းတွေလို့ ဖြစ်နိုင်တာပေါ့ဗျ၊ လူ့ဗီဇဆိုတာ ပြောင်းခဲသားပဲ၊ ဟော…ဟော…အခုပဲကြည့်ဦး၊ ကြည့်လေ…ကြည့်လေ…ခင်ဗျားထီးကို ဆွဲသွားပြီး”ဆိုပြီး “ဟေး…”ဟု ကျယ်လောင်ကြောက်မက်ဖွယ်ရာ အော်လိုက်ပါသည်။

ကျွန်တော့်လက်ထဲက ထီးပင် လွှတ်ချလိုက်မိသည်။

ဟိုက်…ကျွန်တော် မှားချေပြီကော။

ကျွန်တော် အိမ်ကထွက်စဉ်တုန်းက ကားနှင့်မဟုတ်၍ ထီးပါခဲ့သည်။ ထို့နောက် ယူနေကျမဟုတ်၍ အန်တီမြအိမ်မှာ မေ့ကျန်ခဲ့ပြီးမှ ယခု မည်းမည်း

mgyoe.com

mgyoe.com


မြင်၍ သတိရကာ ကျွန်တော့်မှာ သူတို့ပြောတဲ့စကားတွေနဲ့ ကယောင် ချောက်ချား ဖြစ်နေ၍လည်း ဆွဲမိဆွဲရာ ဆွဲလိုက်ခြင်း ဖြစ်ပါသည်။

"အား...ဆောရီး...ဆောရီး...ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ဘာလဲ...မြင်လို့တောင်းပန်တယ်၊ မမြင်ရင် ယူသွားမယ်မဟုတ်လား"

မောင်သံခဲကြီးက ကျွန်တော့်အနားလျှောက်လာကာ ကိုက်စားတော့မည့် မျက်နှာကြီးနှင့် မူတ်ပါသည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ထီး အောက်မေ့လို့ပါ"

"ဘယ်မလဲ၊ မင်းထီးပါခဲ့လို့လား၊ ဒီအပေါက်မျိုး ဘာရမလဲကွာ"ဆိုပြီး ဦးဘဆက်ဘက်လှည့်၍ "ဘယ့်နှယ်လဲ၊ ပုလိပ်လက်ခေါ်အပ်လိုက်မယ်"

သို့သော် တော်ပါသေးသည်။ အဘိုးကြီးက စိတ်ကောင်းဝင်နေဟန် တူပါသည်။ ခပ်ပြုံးပြုံးနှင့် ဦးခေါင်းကို လေးလေးယမ်းကာ...

"မလုပ်ပါနဲ့ကွယ်၊ ကိုယ့်ပစ္စည်း ပါသွားတာမှလည်း မဟုတ်တာ၊ ငါ ဒီနေ့အကြံကောင်းရလို့ ဝမ်းသာနေတဲ့အခါမို့ ဒင့်ကို ချမ်းသာပေးလိုက်ပါ"

ကျွန်တော် တစ်ခါတည်း လစ်သွားတော့မည်ဟု စိတ်ကူးပါသည်။ သို့သော် ဤသို့ဆိုက သူတို့စွပ်စွဲချက်ဟုတ်မှန်ကြောင်း ဝန်ခံရာရောက်နေမည်။ ထို့ပြင် ကျွန်တော် အန်တီမြကိုဝန်ခံခဲ့သော "ကောင်းကင်တမွတ် ကြယ်ကို ဆွတ်ရမလား"ဆိုတဲ့ တာဝန်က ရှိနေသေးသည်။

ထို့ကြောင့် သူတို့ကသာ အထင်မှားတာ။ မိမိမှုကတော့ အမှန်ပဲဟု စိတ်ကိုတင်းကာ ဇာတိသွေး ဇာတိမာန်ကိုဖော်လျက် ဒေါ်ကြီးစိုးတူပီသသော မျက်နှာထားဖြင့် ဆိုင်အတွင်းဘက်ပြန်ဝင်ပြီး အန်တီမြမှာလိုက်သည့်အတိုင်း ရာဇဝင်သုတေသီပုဂ္ဂိုလ်ကလေးလို ရှေးဟောင်းပစ္စည်းများကို ခပ်တည်တည် လျှောက်ကြည့်သည်။ ကျွန်တော် ဘာမှတော့ နားမလည်ပါ။

ဤအချိန်မှ အောင်မာ မြန်မာပီပီ ကေသာရှည်နှင့် (ရှေးဟောင်း ပစ္စည်းဆိုင်ဆိုတော့ ရှေးဟောင်းမြန်မာလူနှင့်တူအောင်ထင့်) နှုတ်ခမ်းမွေးနှင့် ဆိုင်ရှင်သည် နောက်ဖေးမီးဖိုခန်းမှ တစ်ခုခုစားပြီး၍ ထွက်လာဟန်တူသည်။ ပါးစပ်ကို လက်ကိုင်ပဝါနှင့်သုတ်လျက် သွားချေးစုတ်လျက် သူ့ခြေထောက် ကြားမှာလည်း နှုတ်ခမ်းတွင် ဟင်းစကျေးစများ ပေကျံနေသော ကြောင်ကြီး တစ်ကောင် ကပ်ပါလာသေးသည်။

ကျွန်တော့်အနီးရောက်လျှင်...

mgyoe.com

"ဘာ...အလိုရှိပါသလဲ ခင်ဗျာ"

အညာသံပါလေသည်။

ကျွန်တော်သည် ရာဇဝင်သုတေသီမျက်နှာနှင့်တူအောင် မျက်ခုံး နှစ်ခုကို ရှုံ့တွတွလုပ်၍...

"ဒီဆိုင်မှာ ကွမ်းဝင်မင်းကြီး ကင်းဝစ်...အဲ...အဲ..."

ကျွန်တော့်စကား ခွေးသွားလိပ်နေသည်ကို ဆိုင်ရှင်ကဖြတ်၍...

"ကင်းဝန်မင်းကြီး ကွမ်းအစ်မဟုတ်လား၊ ရှိပါတယ်၊ ဒါပေမဲ့ ဖောက်သည်တစ်ယောက်နဲ့ စကားပြောပြီးနေပြီ"

ကျွန်တော့်ကို သူက တယ်ပြီးမှုလိုဟန် မပေါ်ချေ။ သို့သော် ကျွန်တော်က ခပ်တည်တည်နှင့်ပင်...

"အဲဒီဖောက်သည်က ဝဏ္ဏကျော်ထင်ဦးချစ်ဖုန်း မဟုတ်လား" ကျွန်တော့်ဦးကြီးချစ်၏ ဂုဏ်ထူးဘွဲ့ထူးနှင့် နာမည်အပြည့်စုံဖြစ်ပါသည်။

"အင်း...ဟုတ်တယ်"

"အဲဒါ ကျွန်တော့်ဦးကြီးပဲ၊ အခု သူက ကျွန်တော် ဒီပစ္စည်းသွားကြည့်ချေစမ်း လွှတ်လိုက်လို့"

ဤမှ ဆိုင်ရှင်အသံ နည်းနည်းပျော့ကာ...

"ဪ...ကောင်းပါပြီ"ဆို၍ ဗီရိုကြီးတစ်ခုကို သော့ဖွင့်ပြီး ကျွန်တော့်အား ငွေကွမ်းအစ်တစ်လုံး ပေးပါသည်။

ငွေကွမ်းအစ်ဟာ ငွေနဲ့လုပ်ထားတာ၊ ငွေကွမ်းအစ်ပါပဲ။ သည့်ထက်ပို၍ ကျွန်တော်မသိချေ။ ဟိုစာ သည်စာ မှုန်မှုန်မွှားမွှားနှင့် ဟိုအရုပ်သည်အရုပ် ကိုးရိုးကားရားတွေတော့ ပါသပေါ့။ ကျွန်တော်တော့ ဘာမှနားမလည်ချေ။

သို့သော် အန်တီမြမှာလိုက်သည့်အတိုင်း ငွေကွမ်းအစ်ကို ဟိုလှည့်သည်ကြည့်၍ ပထမခေါင်းယမ်းလိုက်သည်။ ဒုတိယနှုတ်ခမ်းရှုံ့ပြီး လျှာနှင့်သွားဖုံးကလိကာ...

"သွပ်...သွပ်...တပ်...တပ်...နိုး...နိုး"

ဆိုင်ရှင် ဦးကေသာ မျက်လုံးကျယ်ကာ...

"ဘာလဲ...ခင်ဗျား"

ကျွန်တော်က သူ့ကို တယ်ပြီး ဂရုစိုက်ဟန်မပြုဘဲ...

mgyoe.com

mgyoe.com


"မဟုတ်ဘူး…မဟုတ်ဘူး၊ ဒါ အစစ်မဟုတ်ပါဘူး"

ယင်း၌ သူကပို၍ မျက်လုံးကျယ်လျက်…

"ဗျာ…ခင်ဗျားက နားလည်လို့လား"

"ကျွန်တော်ဟာ ရာဇဝင်သုတေသီပဲ၊ ကျောက်စာတွေ၊ ဒူးဂဏန်း၊ ကျေးဂဏန်းတွေတောင် ဖတ်တတ်ပါတယ်"

ဒူးဂဏန်း၊ ကျေးဂဏန်းဆိုတာ လယ်ပုစွန်လုံးမျိုးလား။ ပင်လယ်ကဏန်းက ဆင်းသက်လာတာလားမှ ကျွန်တော်မသိချေ။ သို့သော် 'ဟန်ကိုယ့်ဖို့' ဆိုင်ရှင်က အဟုတ်ကြီးမှတ်ကာ…

"ဒါဖြင့် အဲဒီကွမ်းအစ်မှာ စာတွေပါသားပဲ၊ ဖတ်ကြည့်ပါ"

ကျွန်တော် ဘာမှမဖတ်တတ်၍ ကောက်ကောက်ကွေ့ကွေ့များ မြင်ရသည်ကို…

"သက်ရိုက်တော့ သက်ရိုက်တွေပဲ၊ သို့သော် ကျွန်တော့်မျက်စိမှာ မသဲကွဲဘူးဗျ"

"ခင်ဗျား မျက်စိမကောင်းလို့ ဖြစ်ပါလိမ့်မယ်၊ ဒီအထဲကလည်း နည်းနည်းမှောင်တယ်၊ အပြင်ဘက်အလင်းရောင်မှာ ထွက်ဖတ်ပါ"

အယ်…ကိုယ့်ချိုးပေါက်တော့ဝင်ပြီ။ နောက်မှ ကိုယ်ထင်ရာမြင်ရာ လျှောက်ပြောပေါ့။

ကျွန်တော် ကွမ်းအစ်ကြီးကို ဟန်ရေးတိ ပန်ရေးတိကိုင်ကာ စူးစမ်းသော မျက်မှောင်ကုတ်ကြီးနှင့် အပြင်ဘက်သို့ ထွက်လာခဲ့သည်။ သို့သော် ထိုနေ့မှာ ဘယ်ဒင်းမှ အပေါက်အလမ်းမတည့်၊ ကံဆိုးမိုးမှောင်ကျချင်သော ကျွန်တော့်မှာ လမ်းတွင် ငုတ်တုတ်ထိုင်ထိုင်နေသော ဖော်ပြပါကြောင်ကြီးကို တက်နင်းမိပါသည်။

မိတ်ဆွေ တစ်ကြိမ်တစ်ခါမျှ ကြောင်ကိုတက်နင်းဖူးပါက ဘယ်သို့ ခံစားရသည်ကို သိပါမည်။ ဝမ်းခနဲဟူသော ကြောင်မြည်သံနှင့်အတူ ကျွန်တော့် ခြေအစုံနှင့် ခြေကျင်းဝတ်တို့မှာ မီးနှင့်မြိုက်လိုက်သကဲ့သို့ ခံစားရ၍ ကျွန်တော် ရုတ်တရက် ထခုန်ပြီး ခလုတ်တိုက်လိုက်သောသူလို ရှေ့သို့ ငိုက်စိုက် ငိုက်စိုက် နှင့်ပြေးမိရာ ကျွန်တော့် မျက်စိပြာနေစဉ်မှာပင် တစ်စုံတစ်ယောက်သည် ကျွန်တော့် လက်ထဲက ကွမ်းအစ်ကြီးကို ဖမ်းယူလိုက်ပြီး…

"ဟာ…ကြည့်စမ်း…ကြည့်စမ်း၊ ငွေကွမ်းအစ်ကြီး လစ်ပြီးပြေးလာတာ"

မောင်သံခဲကြီးအသံ…

mgyoe.com

mgyoe.com


"အင်း...ဒီအတိုင်းဆို ဒီကောင်ချမ်းသာပေးလို့ မဖြစ်ဘူး၊ ပုလိပ်... ပုလိပ်"

ဦးဘဆက်ကြီးက အော်လေသည်။

"ဟာ...ပုလိပ်ခေါ်နေလို့ အပိုပဲ၊ ကျုပ် လက်ရဖမ်းထားလိုက်မယ်"

မောင်သံခဲကြီး၏ နောက်ဆက်တွဲအသံ...။

သို့သော် ကျွန်တော်ကား ဘယ်ရလိမ့်မည်နည်း။ အရေးကောင်းတော့ ဒိန်းဒေါင်းဖျက်။ အယ်...ဟုတ်ပါဖူး။ အရေးကြုံတော့ သက်လုံကောင်းလေ၍ ပထမဆုံး သူ့အသံကြားကတည်းကပင် တစ်ကျိုးတည်းလစ်ခဲ့ရာ ဖရေဇာလမ်းမ ကိုဖြတ်ပြီး ဘားလမ်းမှတ်တိုင်က ထွက်သစ်စဘတ်စ်ကားပေါ်ပင် တက်မိ လေပြီ။

"ဟိုး...ဟိုး...ဘတ်စ်ကား...ဟိုး"

ကျွဲပေါက်ကြီးကဲ့သို့ နောက်မှ တစ်ဟုန်ထိုးလိုက်လာသော မောင်သံခဲ ကြီးက အော်သည်။

သို့သော် သမဝါယမစနစ်နှင့် အုံနာတွေဆီက အပိုင်သိမ်းပြီးပြေး နေသောခေတ်၊ ကြည့်-ပု မော်တော်ယာဉ် ဒရိုင်ဘာတို့ကား ဒီလိုဟာများ သောက်ဂရုစိုက်လို့ မှတ်တိုင်မှာတက်မည်ဟု ဟန်ပြင်ထားသောခရီးသည်အချို့ ပင် ပေါင်ကား၍ကျန်ခဲ့သည်။ အသံကျယ်ကြီးနှင့်ရပ်ရန် လှမ်းအော်နေသော မောင်သံခဲကြီးအား ကားစပယ်ယာက ဒီသတ္တဝါကြီးနှယ် တို့ခေတ်ပြောင်းနေတာ များ မသိရှာသလားဟူသော သုန်မှုန်သောမျက်နှာထားနှင့်...

"နောက်ကားမှ လိုက်ဆရာ..."

ကျွန်တော် ဆူးလေဘုရားလမ်းရောက်သည်၌ ဘတ်စ်ကားပေါ်က ဆင်းကာ တက္ကစီတစ်စီးငှား၍ အိမ်သို့တိုက်ရိုက်ပြန်ခဲ့သည်။ ရောက်လျှင် စိတ်မောလူမောရှိသည်နှင့် အရက်တစ်ခွက်ကို ရေမရောဘဲမော့ပြီး အိပ်ရာထဲသို့ လှဲကာ နှစ်နာရီလောက် အိပ်ပစ်လိုက်သည်။ နိုးသောအခါတွင် ကျွန်တော့် စားပွဲပေါ်မှာ ကြေးနန်းစာသုံးစောင်ကို တွေ့ရသည်။

အားလုံးပင် ပဲခူးမြို့ သူ့ယောက္ခမလောင်းကြီးအိမ်တွင် စံမြန်းနေ သော တင်အောင်လွင်ဆီက ဖြစ်ကုန်၏။

■

mgyoe.com

mgyoe.com


# အခန်း (၁)

## (က)

*ပထမစာ*

*အမြန်လာပါ။ နုနဲ့ငါ ချောက်ကျနေသည်။ အကြောင်းပြန်။*

*တင်အောင်လွင်*

*ဒုတိယစာ*

*နုနဲ့ငါ ချောက်ကျနေလို့ အမြန်လာဖို့ ကြေးနန်းရိုက်လိုက်တယ်။ ဘာကြောင့် အကြောင်းမပြန်သလဲ၊ အခုပြန်။*

*တင်အောင်လွင်*

*တတိယစာ*

*ဟေ့...အေးဆွေ ခွေးသား။ ဒီနေ့ ကြေးနန်းနှစ်စောင်ရှိနေပြီ။ ဘာ့ကြောင့် အကြောင်းမပြန်သလဲ။ နုနဲ့ငါ့ကိစ္စဟာ မင်းအမြန်လာမှဖြစ်တော့မယ်။ တို့ချင်း ခက်ကုန်ပြီ၊ အမြန်လာ၊ အကြောင်းပြန်။*

*တင်အောင်လွင်*

ယနေ့အတွင်းမှာ ကျွန်တော့်ဆီ အကြောင်းပြန်မရချင်း ထပ်ပြီး ကြေးနန်း ရိုက်ခြင်းဖြစ်သောကြောင့် သူ့ကိစ္စ မည်မျှအရေးကြီးနေသည်ကို သိသာပါသည်။ စေ့စပ်ပြီးတာမှ မကြာသေးသော ဒင်းတို့သမီးရည်းစား တစ်အိမ်တည်း အတူနေပြီး ဘာဖြစ်ကြသနည်း။ ကျွန်တော် မစဉ်းစားတတ် အောင် ဖြစ်ပါသည်။

တင်အောင်လွင်ဆိုတဲ့အကောင်မှာ ဖော်ပြခဲ့သည့်အတိုင်း လူ့လောက

mgyoe.com

နှင့် ဘာမျှမဆိုင်သော ရွှေငါး၊ ငွေငါးများအကြောင်းသာ စိတ်ဝင်စားနေသူဖြစ်၍ မိန်းမအကြောင်းကို မပြောနှင့်၊ လူအကြောင်းကိုမှ နားလည်သူ မဟုတ်ချေ။

ပြောရဦးမည်။ တစ်ကြိမ်သောအခါက သူ့မျက်စိခိုက်မိ၍ ဒဏ်ဖြစ်သည်ကို အဒေါ်ကြီးတစ်ယောက်က 'အပျို့နို့ရည်'နှင့် ခတ်ရသည်ဟုပြောရာ သူသည် 'အပျို့နို့ရည်'ဆိုသည်မှာ ပထမဦးဆုံးကလေးမွေးသော မိန်းမ၏ မဒန်းနို့ရည်ဖြစ်ကြောင်း ကျွန်တော်ကဲ့သို့မှ မသိလေဘဲ ရင်သားကြီးကြီးနှင့် သူ့သူငယ်ချင်းမကလေးဆီကို ပန်းကန်ကိုင်၍ သွားတောင်းသည်။

အဲ့သလောက်အကောင်...။

ယခု သူ၏တတိယစာထဲမှာ "တို့ချင်းခက်ကုန်ပြီ"ဆိုတာပါသည်။ ခွေးကောင်...ကောင်မလေးအား ဘာများသွားလုပ်ပါလိမ့်။ မြကေနုဆိုတာ ကလည်း နာမည်နဲ့လိုက်အောင် နုနုနယ်နယ်၊ စိတ်သဘောကလည်း စောက်မှန်း ကန်းမှန်းလည်း မသိတတ်။ အူကြောင်ကြောင်ကလေး၊ မတွေး သင့်တာတွေး၊ မပြောသင့်တာပြော၊ မလုပ်သင့်တာလုပ်တတ်သည့် အမျိုး အစား။

အင်း...ဒီငအူနဲ့ ငအတော့...

ကျွန်တော်မှာ ကျွန်တော့်သူငယ်ချင်းအတွက် မီးခိုးကြွက်လျှောက် ပူမိပါသည်။

ယင်းသို့ရှိစဉ် ကျွန်တော့်အိမ်ရှေ့ဝင်းပေါက်မှ မော်တော်ကားတစ်စီး ဝင်လာတာမြင်ရ၍ "ဒီကားကို ငါကောင်းကောင်းမှတ်မိပါတယ်၊ ဘယ်သူ့ ကားပါလိမ့်"ဟု စဉ်းစားနေစဉ် မလှမ်းမကမ်းအရောက်၌ မောင်းလာသော သူကို သေသေချာချာ မြင်ရမှ "ဟာ...ပေါ်ဦး၊ ငါ့ကားသွားပြီး ယူခဲ့တာပဲ"ဟု အတပ်သိပါသည်။

မကြာမီ၌ ပေါ်ဦးသည် ကားကို ဂိုဒေါင်ထဲသွင်းပြီး ကျွန်တော်အနီး ရောက်လာ၍...

"ဆရာ...ဆရာ့ကြည့်ရတာ နေမကောင်းဘူးလား"

"လူနေကောင်းတယ်၊ စိတ်နေမကောင်းဘူးကွယ့်"

"ဘာ့ကြောင့်လဲ ဆရာ"

"ငါ့သူငယ်ချင်းအတွက်ပဲ၊ ဟော့ဒီမှာကြည့်ကွယ့်၊ တင်အောင်လွင် ဆီက ကြေးနန်းတွေ"

mgyoe.com

mgyoe.com

ကျွန်တော် အကျိုးအကြောင်း ပြောပြလိုက်ပါသည်။

"အဲဒါ ဘယ်လိုလုပ်ရကောင်းမလဲ ပေါ်ဦး"

"သူမှာတဲ့အတိုင်း သွားဖို့ရှိတာပေါ့ဆရာ"

"ဟာ...သွားလို့မဖြစ်ဘူး၊ သူ့ယောက္ခမလောင်းကြီးနဲ့ ငါနဲ့..."

ကျွန်တော် နေ့လယ်ကအဖြစ်အပျက်ကို ပြောပြလိုက်ပါတော့သည်။

"ဒါဖြင့် ဆရာ အဲ့ဒီအခက်အခဲရှိတဲ့အကြောင်းကို တင်အောင်လွင်ဆီ သံကြိုးရိုက်လိုက်၊ သူ့ကိစ္စအရေးကြီးရင် ကြီးသလောက် သူဖြစ်နိုင်အောင် ကြံပေးလိမ့်မပေါ့"

"အေး...အဲဒါဟုတ်တယ်"ဆိုပြီး ကျွန်တော် အောက်ပါအတိုင်း ကြေးနန်းရိုက်လိုက်သည်။

*မင့်ဆီကစာတွေ ငါအားလုံးရတယ်၊ အဲဒီလာဖို့ဟာက မင့်ယောက္ခမလောင်းကြီးနဲ့ ငါနဲ့ အပေါက်အလမ်း မတည့်ဘူး။ ဘယ်သူကဖိတ်လို့ ဘာကိစ္စလာသလဲဆိုပြီး ငါ့ကို နားရင်းအုပ်လွှတ်လိမ့်မယ်။ အဲဒါ ငါလာဖြစ်အောင် မင်းကြံမပေးနိုင်ရင် ငါလာခဲ့မယ်။ မင်းတို့ချင်း ဘာဖြစ်ကြတာလဲ။ ဘာကြောင့် ချောက်ကျတာလဲ။ မင်းကောင်မလေးကို ဘာများလုပ်လို့လဲ။ အကြောင်းပြန်။*

*အေးဆွေ*

ထိုနေ့ည ထမင်းစားခါနီး၌ပင် တင်အောင်လွင့်ဆီက ကြေးနန်းပြန်လာသည်။

*မင့် အခက်အခဲကို ငါနားလည်ပြီ။ မင်းလာချင်ကြောင်း ခွင့်တောင်းနေတယ်လို့ သူ့သမီးကို ပြောပြီးဖိတ်ခေါ်ခိုင်းလိုက်မယ်။*

*တင်အောင်လွင်*

နောက်တစ်နေ့နံနက်၌ ကြေးနန်းစာသုံးစောင် တစ်ပြိုင်တည်းရောက်လာသည်။

*ပထမ*

*ပြောပြီးပြီ။ မင်းခေါ်တဲ့စာ ရောက်လာလိမ့်မယ်။ ဟော့...မင်းလာရင် စမတ်ကင်မှုကာဒန်က ရေသတ္တဝါကလေးများအကြောင်းဆိုတဲ့ စာအုပ်ဝယ်ခဲ့စမ်းပါ။ ဆက်ဆက်။*

*တင်အောင်လွင်*

mgyoe.com

mgyoe.com

*ဒုတိယ*

*အိုး...ဘာကြောင့် နကိုတွေ့ချင်ပြန်တာတုန်း၊ ဒီအခြေမှ နကို မြင်ရရင်တော့ ကိုဆွေ့အသည်း လှုံနဲ့ထိုးသလို မနေပေဘူးလား။ ဒါပေမဲ့ ဆန္ဒကပြင်းနေရင် မတားအပ်ပါဘူး။ လာခဲ့ပါလေ။ နက ဝမ်းသာစွာ ဖိတ်ခေါ်ပါတယ်။*

*မြကေနု*

တယ်...ငတိမတော့ ချေးကောင်ခင်မောင်ဇော်ပြောတဲ့စကား အဟုတ် မှတ်ပြီး သူ့ကို ကျွန်တော်က စွဲနေတယ်ထင်တာကိုး။

အင်မတန် ရှုတ်တတ် နှောက်တတ်သော ခင်မောင်ဇော်အကြောင်း မိတ်ဆွေသိပါက ဤကိစ္စကို နားလည်ပါလိမ့်မည်။

*တတိယ*

*ကိုဆွေ ပဲခူးကိုလာမလို့ဆို၊ စိန်လည်း အဲဒီအိမ်ရောက်နေတယ်။ အဆင်သင့်ပဲ။ ကိုဆွေ့ကို ကူညီခိုင်းစရာရှိလို့ မြန်မြန်လာခဲ့စမ်းပါ။ စိန့်မှာ သိပ်အရေးကြီးတဲ့ကိစ္စရှိနေတယ်။*

*ဘော်ဘီစိန်*

ဤနောက်ဆုံးစာဖတ်ရသည်၌ ကျွန်တော်မှာ မျက်လုံးပြူး၍ပင်သွား ပါသည်။

"ပေါ်ဦး"

"ဆရာ"

"ဟိုကောင်မလေးပါ ဟိုရောက်နေတယ်"

"ဘယ်ကောင်မလေးလဲ ဆရာ"

"ဘော်ဘီစိန်ကွ"

"ဟုတ်လားဆရာ၊ သူ့အမေ ဒေါ်ဘီစိန်နဲ့ ဦးဘဆက်က မောင်နှမပဲဆရာ"

မအေ ဒေါ်ဘီစိန်၊ သမီး ဘော်ဘီစိန်ဆိုလျှင် လူတိုင်းပင်လန့်ကြသည်။ မိတ်ဆွေ ဘော်ဘီစိန်အကြောင်းကို သိကောင်းသိမည်။ တစ်လောက ရှမဝပတ် ဗလစ်ရှာ ဦးကျော်ဆိုသူနှင့် ပါလီမန်အမတ်တစ်ယောက်ကို ကသိကအောက် ဖြစ်သွားအောင် ချောက်ချဖူးသည်။

"အင်း...ဘော်ဘီစိန်ပါတဲ့ကိစ္စဆိုရင်ဖြင့် တယ်မလွယ်ဘူးဟေ့"

"ဟုတ်ကဲ့ဆရာ"

mgyoe.com

mgyoe.com


"နို့ပြီး သူ့မှာလည်း သိပ်အရေးကြီးတဲ့ကိစ္စရှိနေလို့ ငါ့ကိုကူညီခိုင်းချင်သတဲ့"

"ဟိုကျတော့ ကြည့်လုပ်ကြတာပေါ့ဆရာ"

"အေးကွာ...တို့ ဘယ်အချိန်သွားကြမလဲ"

"ခုမနက် အေးတုန်းပဲ ကောင်းပါတယ်ဆရာ"

"ဒါဖြင့် ယူစရာ ငင်စရာတွေပြင်ဟေ့"

"ဟုတ်ကဲ့...ဆရာ၊ ဩော်...ဆရာ...ဆရာ့အန်တီမြဆီ ဖုန်းဆက်ဦးမလားဆရာ"

"ဘာကိစ္စလဲကွယ်"

"ဆရာ အိပ်ရာကမနိုးခင်တုန်းက ခဏခဏပဲ ဖုန်းခေါ်နေတယ်ဆရာ"

"ဟေ...ဒါဖြင့် ဆက်ဦးမှပေါ့၊ အဘွားကြီး ဘာကိစ္စများ အရေးကြီးပြန်ပါလိမ့်"

ကျွန်တော် အိပ်ရာနားကဖုန်းကို ကောက်ကိုင်လိုက်စဉ်မှာပင်...

"ဆရာ...မလိုတော့ပါဘူး၊ အိမ်ရှေ့ကခြေသံ..."

"ဟော့...ပေါ်ဦး၊ နင့်ဆရာ ခွေးကောင်၊ အိုး...ခုမှ ထတော်မူသကိုး"

အန်တီမြ ကျွန်တော့်အိပ်ခန်းဝ ရောက်လာပါသည်။

( ခ )

နံနက်စောစောကြီးတွင် ဖုန်းအကြိမ်ကြိမ်ဆက်ပြီး ရေးကြီးသုတ်ပျာနှင့် ရောက်လာသည်မှာ သူ့ကိစ္စ မည်မျှကြီးကျယ်သည်ကို ခန့်မှန်းနိုင်ပါသည်။

ကျွန်တော် ခုတင်ပေါ်မှဆင်းလိုက်၍...

"အန်တီမြ ထမင်းစာခန်းကိုသွားကြစို့၊ ဒီထဲမှာ ပေါ်ဦး ထုပ်စရာပိုးစရာတွေရှိနေတယ်"

အန်တီမြသည် ကျွန်တော့်ကိုစိုက်ကြည့်၍...

"မင်းတို့ ဘယ်သွားကြမလို့တုံး"

"ဟာ...ကိစ္စကပေါ်နေတယ်၊ ပဲခူးတင်အောင်လွင်ဆီသွားရမယ်"

"ဦးဘဆက်အိမ်လား"

"အစစ်ပေါ့"

mgyoe.com

mgyoe.com

ယင်း၌ အန်တီမြမျက်လုံးအစုံတွင် အရောင်တောက်ပသွားကာ...

"အေး...ငါလည်း မင့်ကို အဲ့ဒီလွှတ်မလို့ အခုလာခဲ့တာပဲ"

"ဟင်...ဘာကိစ္စ"

"အရေးကတော့ မိုးမီးလောင်အောင် ကြီးသပေါ့ကွာ"

ထမင်းစားပွဲရောက်ကြသောအခါ၌ ပေါ်ဦး အသင့်ဖျော်ထားသော ကော်ဖီကိုငှဲ့ပေးရင်း...

"ဆိုစမ်းပါဦး"

အန်တီမြသည် အတော်ပင် စိတ်နှလုံး ဂနာမငြိမ်ဖြစ်နေပုံပေါ်ပါသည်။ ကော်ဖီပူပူကို တစ်ဝက်လောက် သောက်လိုက်ပြီးမှ...

"အင်း...မင်း မနေ့က ငါပြောလိုက်တဲ့ ကင်းဝန်မင်းကြီးကွမ်းအစ်ဆိုတာ သတိရသေးမဟုတ်လား"

"အား...အဲ့ဒီအကြောင်းတောင် အန်တီ့ကို ပြောရဦးမယ်"

"မပြောနဲ့တော့၊ ခရီးလွန်သွားပြီ"

ကျွန်တော် မျက်လုံးအစုံကိုဖြဲလိုက်ကာ...

"ဘာ"

"ဦးဘဆက်ကြီးလက်ထဲ ရောက်သွားပြီ"

"အို...ဘယ့်နှယ်၊ ဆိုင်ရှင်ကတောင် မနေ့က ပြောလိုက်သေး၊ ဦးကြီးချစ်နဲ့ စကားပြောပြီးသားတဲ့"

"ဒါပေမဲ့ ဟိုတီရစ္ဆာန်ကြီး ကလိမ်ကျပစ်လိုက်တာလေ"

"သူ ဘယ်လိုကလိမ်ကျတုန်း"

"မနေ့ကမနက် မင်း ငါ့အိမ်မှာထမင်းစားတော့ မင့်ဦးလေးချစ်မရှိဘူးမဟုတ်လား"

"အင်းလေ...ကျွန်တော်ကမေးတော့ အန်တီကတောင်ပြောသေး၊ သူ့မိတ်ဆွေတစ်ယောက်အိမ်က ဖိတ်ကျွေးလို့တဲ့"

"အဲ့ဒီမိတ်ဆွေက ဘယ်သူလဲ၊ မင်းသိလား၊ ဒေါ်ဘီစိန်ကွ"

"ဟင်...ဦးဘဆက်ကြီး နှမ"

"အေးလေ...သူတို့မောင်နှမလင်မယား တစ်ကျိတ်တည်း တစ်ညာဏ်တည်း ကြံကြတာပေါ့"

သည်းခံကြပါခင်ဗျာ။ အန်တီမြ တော်တော်ဒေါပွနေပါတယ်။

mgyoe.com

mgyoe.com


"ဘယ်လိုကြံသလဲ"

"ထမင်းပွဲမှာ ဘာဟင်းပါသလဲ၊ မင်းသိသလား၊ ကဏန်းပေါင်းတဲ့"

"ဟင်...ကဏန်းပေါင်း၊ ဦးကြီးချစ်က မစားဘူးမဟုတ်လား"

ဦးကြီးချစ်မှာ ပင်လယ်အူလှျောက်ရှိနေပါသည်။

"ဘယ်...မစားဘဲနေနိုင်လိမ့်မတုန်းကွာ၊ တမင် မစားချင်စားချင်အောင် သွားရည်ကျစရာပြင်ထားတာပဲ၊ သခွားစိမ်းနဲ့ ဆလတ်ရွက်နဲ့၊ နံနံပင်နဲ့ငရုတ်သီးစိမ်းကြွပ်ကြွပ်ကလေးနဲ့ ရှလကာရည်နဲ့၊ မင့်ဦးကြီးစိတ်လည်း အသိသားပဲ၊ သူစားချင်တာရှိရင် နောက်မှဆရာဝန်ခေါ်မယ်ဆိုတဲ့ လူစား၊ အဲ...သူ ငါ့ပြောတယ်၊ မနေနိုင်တာနဲ့ စားလိုက်သတဲ့၊ စားပြီးလို့မကြာပါဘူး၊ သူ့အလုပ်တိုက်လည်းပြန်ရောက်ကရော သူ့ပင်လယ်အူလှျောက်နာပေါ်တော့ ငါ့ဆီအကြောင်းကြားပြီး ဆရာဝန်ခေါ်ရတော့တာပဲ"

"နေပါဦး...ထမင်းစားတော့ ဦးဘဆက်ကြီးကော မပါဘူးလား"

"ပါတာပေါ့ကွာ၊ သူစီစဉ်တဲ့ကိစ္စပဲ၊ ဒါပေမဲ့ သူ့အနေကတော့ သူ့နှမအိမ်ကထမင်းဟင်း သူနဲ့လွတ်ကင်းနေတာပေါ့"

ဤနေရာ၌ ကျွန်တော်အဖို့ မရှင်းမရှင်းဖြစ်နေ၍...

"နေပါဦး...ဒါနဲ့ ကင်းဝန်မင်းကြီးကွမ်းအစ်နဲ့ ဘယ်လိုသက်ဆိုင်သွားသလဲ"

"ဆိုင်ပါသော်ကော၊ မင့်ဦးကြီးက အဲဒီကွမ်းအစ်ကို မနေ့က နာရီပြန်နှစ်ချက်အတွင်းမှာ လာယူမယ်လို့ ပြောထားသတဲ့၊ နှစ်ချက်တီးလို့မရောက်တော့ ဈေးသည်ပဲကွယ်၊ ဝယ်မယ့်လူရှိတာကို ရောင်းလိုက်ပေါ့၊ မင့်ဦးကြီးဟာလူရိုး လူအကွ၊ သူကပဲ ဒီကောင်ကြီးကို ဒီကွမ်းအစ်အကြောင်း ပြောလိုက်တာတဲ့"

အင်း...ဝမ်းနည်းစရာကောင်းသော အကြောင်းအရာတစ်ရပ်ပါပေ။

ကျွန်တော်တို့ တူဝရီးနှစ်ယောက်သည် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် အတော်ကြာမျှ စကားပြောရပ်နေကြပါသည်။ ပြီးမှ ကျွန်တော်က စီးကရက်တစ်လိပ်ကို ညှိဖွာလိုက်ပြီး လူကြီးသံဖြင့်...

"ကဲလေ...ကိုယ်နဲ့မထိုက်လို့မရတဲ့ကိစ္စ ပြီးတာပြီးပါစေပေါ့"

သို့သော် အန်တီမြသည် ရုတ်တရက် မျက်လုံးနှစ်ခုကို ကျွတ်ထွက်မတတ် ဖြဲထုတ်လိုက်ကာ စားပွဲကို လက်ဝါးနှင့်ရိုက်၍...

mgyoe.com

"မင်းက ဒီလိုယူဆသလားဟင်…ကိုယ့်ဦးကြီး မတရားအလုပ် ခံရတာကို ငါတော့ မခံနိုင်ဘူးကွ၊ မခံနိုင်ဘူး"

ကျွန်တော့်အဒေါ်များအနက် ဒေါ်ကြီးစိုး ဒေါ်သကြီးသလောက် အန်တီမြစိတ်ဆိုးတာကို မြင်ရခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်က သူ့စိတ် သက်သာရစေရန်…

"စဉ်းစားပါဦးလေ…အန်တီမြ၊ တစ်ဖက်သား မတရားလုပ်လို့ဖြစ်စေ၊ တရားသဖြင့်ဖြစ်စေ ဘယ်နည်းနဲ့မဆို ဒီကွမ်းအစ်ကြီးဟာ ဦးကြီးချစ်လက်ထဲ မရောက်လာတာ မကောင်းဘူးလား"

မျက်မှောင်ကုပ်လျက်…

"ဘာကြောင့် ကောင်းရမှာတုန်း"

"ဒေါ်သမကြီးပါနဲ့ဦးလေ၊ အန်တီမြ ကျွန်တော့်ကို ပြောဖူးတယ် မဟုတ်လား၊ ဒီကွမ်းအစ်ကို ဦးကြီးချစ်က ဈေးကြီးကြီးပေးဝယ်ရရင်ဖြင့် အန်တီမြ စာအုပ်ထုတ်ဖို့ငွေကို သူမပေးဘဲနေမှာ စိုးရတယ်တဲ့၊ ကဲ…အခု သူ ဒီကွမ်းအစ်မရလို့ လုံးဝငွေမထုတ်ရတော့ အန်တီမြအတွက် ပိုကောင်းမနေ ပေဘူးလား"

သို့သော် အန်တီမြသည် မျက်နှာကိုရှုံ့ကာ နှုတ်ခမ်းကိုရွဲ့ကာ…

"မင်းက ဒီလိုထင်သလား၊ ဝေးပါသေးရဲ့၊ ဒီကွမ်းအစ် သူမရလိုက်တဲ့အတွက် မင်းဦးကြီးဖြစ်နေလိုက်ပုံများ ငါ့ကိုငွေထုတ်ပေးဖို့မပြောနဲ့၊ ဒီလငွေအကုန်အကျများလို့ ထမင်းမစားဘဲ နေရနေရတဲ့၊ ဒီကွမ်းအစ်ကို မရရအောင် မတန်တဆပေးပြီး ဝယ်ယူမယ်တဲ့"

အင်း…ကျွန်တော် သက်ပြင်းကြီးချလိုက်ပါသည်။ ကျွန်တော့်ဦးကြီး စိတ်လည်း ကျွန်တော်သိပါသည်။ ဒေါ်ကြီးစိုးမောင်ပေကိုး။

ကျွန်တော်တို့ တူဝရီးနှစ်ယောက် စိတ်မကောင်းသည့် အထိမ်းအမှတ်ဖြင့် ခေတ္တစကားရပ်ကြပြန်သည်။

ပြီးမှ အန်တီမြက အင်မတန် စိတ်မချမ်းမသာသောအသံဖြင့်…

"ငါ့မှာက နတ်တော်လ စာအုပ်ထုတ်ဖို့ တချို့ပန်းချီဘလောက်တွေ အပ်ပြီးနေပြီ၊ သတင်းစာတွေထဲ ကြော်ငြာတွေထည့်ပြီးနေပြီ၊ ဒီလိုကြော်ငြာပြီးမှ မထုတ်နိုင်ရင်ဖြင့် ငါတို့စာပေနယ်မှာ ဟိုပြဇာတ်တက်ကကြတဲ့အကောင်တွေ၊ အကောင်မတွေက ဘာပြောကြမလဲ၊ ဝက်ဝက်ကွဲအောင် ရှက်ဖို့ကောင်းတဲ့ ကိစ္စကွ"

mgyoe.com

ကျွန်တော်လည်း အန်တီမြအတွက် များစွာ စိတ်နှလုံးမသာမယာ ဖြစ်ရပါသည်။

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ...အန်တီ"

"တစ်နည်းတည်းရှိတာပေါ့ကွ၊ ဒီကွမ်းအစ်ကို တို့က မရရအောင်ပြန်ယူပြီး မင်းဦးကြီးလက်ထဲ ထည့်ရုံပေါ့ကွ"

သူပြောပုံမှာ အားရပါးရ ရှိလှပါသည်။ သို့သော် လွယ်ကူသော အလုပ်မဟုတ်၍...

"ဒါ ဘယ်သူကယူပေးမလဲ"

"အောင်မာ" အန်တီမြသည် ကျွန်တော့်မျက်လုံးရွဲ့ကြည့်ကာ "မင်းဦးကြီးအရေးနဲ့ ငါ့ကိစ္စ မင်းကလွဲလို့ ဘယ်သူရှိဦးမှာတုံး"

ဟိုက်...ကျွန်တော့်ခေါင်းပေါ် ပုံလာပါကရောလား။

"မင်း အခု အဲဒီအိမ်သွားမလို့ဆိုတော့ အဆင်သင့်ပေါ့၊ ငါကလည်း ဒါခိုင်းရအောင်လာတာပဲ"

"ဟာ...အန်တီ"

ကျွန်တော့်မှာ နှုတ်လေး၍ လူပါငိုင်ကျသွားပါသည်။

ယင်း၌ အန်တီမြသည် ကျွန်တော့်ကို စူးစူးဝါးဝါး စိုက်ကြည့်နေကာ...

"ဟာ...အန်တီ လုပ်မနေနဲ့၊ မင်း ငါခိုင်းတာကို လုပ်မပေးဘူးလား၊ ပေးမလား တစ်ခွန်းတည်းပြော၊ လုပ်မပေးဘူးဆိုရင်ဖြင့် ဟော့...ဒီမှာမောင်ဆွေ"

"ဗျာ..."

ကျွန်တော်မှာ အန်တီမြ၏ ဣန္ဒြေခက်ထန်သော မျက်နှာထားကို တစ်ခါမျှမမြင်ဘူးပါ။ ဒေါ်ကြီးစိုးကဲ့သို့ ကြောက်စရာကောင်းပါသည်။

"မင်းမနေ့က ငါ့အိမ်မှာစားသွားတဲ့ မနက်စာ တော်တော်မြိန်ရဲ့မဟုတ်လား"

"ဟာ...တိုနီချက်တဲ့လက်ရာ အင်မတန်မြိန်တာပေါ့ခင်ဗျာ"

"အေး...ဒါဖြင့်ရင် နောက်နောင်ကို ငါ့အိမ်လာတဲ့ ဧည့်သည်တွေက 'ဒေါ်မြမြတူ မောင်အေးဆွေတစ်ယောက် ဒီအိမ်လာထမင်းစားတာ မမြင်ရတော့ပါကလား'လို့ အပြောမခံပါရစေနဲ့ကွာ"ဆိုပြီး စီးကရက်တစ်လိပ်ကို ကောက်ညှိလိုက်ပါသည်။

mgyoe.com

mgyoe.com


နားလည်ပါပြီ။ အန်တီမြစကား၏အဓိပ္ပာယ်ကို ကျွန်တော်နားလည်ပါပြီ။ ကျွန်တော့်ကို အချစ်ဆုံး အဒေါ်တစ်ယောက်က ဤအထိပင်ပြောလေပြီ။ ကျွန်တော့်မှာများစွာ အသက်ရှုကျပ်လျက် သက်ပြင်းကြီး အကြိမ်ကြိမ် မှုတ်ထုတ်မိပါသည်။

"အန်တီ...ကျွန်တော့်ကို အကျဉ်းအကျပ်ခိုင်းတော့တာပဲဗျာ"

စီးကရက်မီးခိုးကို မှုတ်ထုတ်လိုက်ပြီး...

"အေး...ငါချစ်တဲ့တူကလေးကို ဒီအထိပြောရတာ မင့်အန်တီစိတ်မှာ ဘယ်လောက်ဖြစ်နေတယ်ဆိုတာ စဉ်းစားတော့..."

ကျွန်တော် အတော်ကြာမျှတွေနေပြီး...

"ဒါပေမဲ့ မတော်ဘူးထင်တယ် အန်တီရာ"

စီးကရက်ကို ပါးစပ်မှခွာလိုက်ပြီး...

"ဘယ့်နှယ်ကြောင့် မတော်ရမှာတုံး"

"အခု သူ့အိမ်သူ့ပစ္စည်း ဖြစ်နေမှပဲ အန်တီ"

"တရားသောနည်းလမ်းနဲ့ဖြစ်တာမှ မဟုတ်တာဘဲ၊ မတရားတာမှ ငါ့ယောက်ျားကို အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့ အစာကျွေးပြီးလုပ်တာကွ"

"ဦးကြီးချစ်နဲ့ ကဏန်းမတည့်ဘူးဆိုတာ သူသိလို့လား"

"ဒင်းကောင်းကောင်းကြီး သိသပေါ့ကွာ၊ သိလို့ပဲ သူ့နမကို ဒီဟင်း စီမံခိုင်းတာပေါ့"

"ဒေါ်ဘီစိန်ကရော သိမလား"

"သိမှာပေါ့ကွ၊ ဒင်းတို့တစ်ပေါက်တည်းထွက်ချင်းပဲ၊ ဒီကောင်မကြီး ကလည်း ငါ့ကိုမုန်းနေတယ်"

"အန်တီနဲ့ ဘာဖြစ်လို့လဲ"

"သူရေးတဲ့စာတွေ ငါ့ဂျာနယ်ထဲထည့်မပေးလို့ကွ၊ ဒီဟာမကြီးက သေခါနီးမှ စာရေးဆရာမဖြစ်ချင်လို့ ကလောင်ကျင့်နေသတဲ့၊ သောက်သုံးလည်း မကျဘူး၊ တစ်လောကသူရေးတဲ့ 'ငါလိုမိန်းမ'ဝတ္ထုကြီးထုတ်ခိုင်းချင်လို့ ပတ်ဗလစ်ရှာ တစ်ယောက်ကို အိမ်ခေါ်ထားသေးသတဲ့"

"အဲ့ဒီကိစ္စ ကျွန်တော်သိတယ်၊ ရှုမဝဦးကျော်ဆိုတဲ့လူကိုပေါ့၊ နောက် သူ့သမီးကလေး ကြို့ထိုးတာနဲ့ ခမျာ ကိုးရိုးကားရားဖြစ်ပြီး ပြေးရရှာတယ်"

"ဘော်ဘီစိန်ဆိုတဲ့ ကောင်မလေးမဟုတ်လား၊ ယောကျ်ားလျာလေး လိုလို ဘာလိုလိုနဲ့"

mgyoe.com

mgyoe.com


"အစစ်ပေါ့၊ အခု အဲဒီကောင်မလေးလည်း ပဲခူးအိမ်မှာ ရောက်နေသတဲ့"

"ဒီကောင်မလေးနဲ့ဆိုရင် သတိထားမောင်ရေ့ ဂျင်ကလေး"

( ၈ )

ထိုနေ့ မထွက်လည်းခက်၊ ထွက်လည်း ဝက်ဝက်ကွဲအောင်ပူသည့် အမိမြန်မာပြည်၏ ဘာနုရာဇာဒေါင်းစကြာသည် အထက်ဝဋ္ဋာကောင်းကင်ပြင်တွင် သူ၏ အမြင့်ဆုံးသောနေရာဌာနကို မရောက်မီအတွင်းဝယ် ရန်ကုန်မှ ပဲခူးသွားလမ်းမကြီးတစ်လျှောက်မှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းနှင့် တရိပ်ရိပ် ပြေးနေသော ကျွန်တော်၏ကား အပြာနုရောင်ကလေးကို ရဟန်းရှင်လူဟူဟူ သမ္ဗူ သပူရိသအပေါင်း သူတော်ကောင်းရော၊ သူယုတ်မာရော၊ သောင်းကျန်းသူရော၊ တံတားဖျက်တဲ့လူရော၊ ပြန်ပေးဆွဲတဲ့လူရော ကြည့်ရှုမည်ဆိုက မြင်နိုင်ကြပါပေသည်။

ရန်ကုန်မှထောက်ကြံ့၊ ထောက်ကြံ့မှလှည်းကူး၊ လှည်းကူးမှပဲခူး။

ကျွန်တော်က စတီယာရင်ကိုကိုင်လျက် ပေါ်ဦးက ကျွန်တော့်နံဘေးမှာ ထိုင်လျက်...

"ပေါ်ဦးရေ ငါတော့ နီးလာလေ ရင်ထဲကျပ်လာလေပဲကွ"

"ဟုတ်ကဲ့...ဆရာ"

"မင်း အိမ်မှာတုန်းက အန်တီမြပြောတာတွေ အကုန်ကြားရဲ့မဟုတ်လား"

"ဟုတ်ကဲ့...ဆရာ"

"ဟိုကျရင် ငါ ဦးဘဆက်ကြီး ဘယ်လိုမျက်နှာဆိုင်ရမလဲ မသိဘူး"

"ဟုတ်ကဲ့...ဆရာ"

"သူ့သမီးဖိတ်ခေါ်ချက်နဲ့ လာတာဆိုတော့ မောင်းထုတ်နိုင်မယ်မဟုတ်ပါဘူး"

"ဟုတ်ကဲ့...ဆရာ"

"အန်တီမြခိုင်းတဲ့ကိစ္စကလည်း အတော်ကျပ်သကွ"

"ဟုတ်ကဲ့...ဆရာ"

ကျွန်တော်သည် တစ်နာရီ မိုင် ၄၀ နှုန်းမောင်းလာရာမှ ရုတ်တရက်

mgyoe.com

mgyoe.com


လီဗာကိုလျှော့၍ ကလပ်ချ်ကိုနင်းလိုက်ကာ သူ့ဘက်မျက်မှောင်ကုတ် လှည့်မိလျက်...

"ဟော့...ပေါ်ဦး"

"ဆရာ"

"မင်း 'ဟုတ်ကဲ့ဆရာ'ကလွဲပြီး သည့်ပြင် မပြောတတ်တော့ဘူးလား၊ ဒီစကားတစ်ခွန်းတည်း သင်ထားတဲ့ ကြက်တူရွေးလား"

ဟုတ်တယ်မိတ်ဆွေ...ကျွန်တော် ဘာလိုလို့ သူ့ကိုပြောနေတယ်ဆိုတာ ဒင်းသိပါတယ်။

ယင်းမှ ကိုယ်တော်မြတ် နှုတ်သွက်လာပြီး "ကျွန်တော်က ကြက်တူရွေးလိုမနေလို့ လူလိုစကားပြောရမယ်ဆိုရင် ဆရာ့ကို မေးခွန်းတစ်ခုမေးပါရစေ"

"မေးကွာ"

"ဆရာဟာ ဒေါ်ဒေါ်မြခိုင်းတာကို ဆောင်ရွက်မယ်ကြံထားပါသလား"

ကျွန်တော်သည် ကားကို နှုန်းမှန်ပြန်မောင်းလိုက်ပြီး...

"အေး...အဲဒါဖြေရမှာကို ကျပ်သကွ၊ သူ့ကိစ္စလုပ်မပေးရင် တိုနီ ချက်တဲ့ ထမင်းဟင်းနဲ့ ငါ့ခံတွင်းနဲ့ဝေးမယ်၊ လုပ်ပေးမယ်လို့ဆိုပြန်ရင်လည်း ဟော့...ပေါ်ဦး"

"ဆရာ"

"မနေ့က ငါနဲ့ ဦးဘဆက်ကြီးဖြစ်ခဲ့တာကို မင်းမသိသေးဘူး"ဆိုပြီး ကျွန်တော်ပြောပြလိုက်ပါသည်။

ပေါ်ဦးသည် အတော်ရယ်မောခဲ့သူ ဖြစ်ပါသည်။ သို့သော် ကျွန်တော့်အဖြစ်ကို အတော်အူရှင်လျက်...

"တော်တော်ရယ်စရာကောင်းတာပဲဆရာ"

ကျွန်တော်မှု သူ့လို မရွှင်ပျနိုင်ဘဲ...

"ဒါ ရယ်စရာမဟုတ်ဘူးကွယ့်၊ ငါ့အဖို့ ခက်တာပဲ"

ဤမှ သူမျက်နှာပြင်၍...

"ဟုတ်တာပေါ့ဆရာ"

"ကဲ...မနေ့က ငါ့ကို ပဏာမလုယက်မှုနဲ့ သူထောင်သုံးလချလိုက်တဲ့ တရားခံယူဆတယ်၊ ဒုတိယ သူ့ထီးအလစ်သုတ်တယ်လို့ စွပ်စွဲတယ်၊ တတိယ

mgyoe.com

mgyoe.com


ဟိုကွမ်းအစ် ယူပြေးတယ်လို့ဆိုတယ်၊ ကဲ...အခု သူ့အိမ်ရောက်တဲ့အခါမှာ သူငါ့ကို ဘယ်လိုသဘောထားမလဲ၊ အန်တီမြ ခိုင်းတာလုပ်ရအောင်က ငါက ဒီကွမ်းအစ် အလစ်ပေးပါတော့မလား"

"ဟုတ်တယ်...ဆရာ"

"နို့ပြီး...ငါ့မှာကော ဒါကြံဖို့အချိန်ရှိမလား၊ လာခဲ့တဲ့တာဝန်က တင်အောင်လွင်ကိစ္စ၊ အရေးထဲ ဟိုကောင်မလေးက ငါ့ကို ကူညီခိုင်းစရာရှိတယ် ဆိုလိုက်သေးတယ်၊ ဘာကိစ္စလဲ မသိဘူး၊ ဦးနှောက်ကိုခြောက်ပါတယ် ပေါ်ဦးရာ"

"ဟုတ်ကဲ့...ဆရာ"

"ဒါလောက် တာဝန်တွေများတော့ ဖဆပလမကွဲခင်တုန်းက ဝန်ကြီးချုပ်ဦးနု ခဏခဏ ရာထူးကထွက်မယ်လုပ်တာ ငါမအံ့သြတော့ဘူးကွယ့်"

"မှန်တာပေါ့ဆရာ"

ယင်းသို့ စကားတပြောပြောနှင့် ပဲခူးမြို့ထဲဝင်ခဲ့ပြီးနောက် ခြံဝင်းကြီးတစ်ခု၏ တံခါးဝတိုင်မှာ 'နန္ဒမာလာ'ဆိုသော ဆိုင်းဘုတ်ကြီးတွေ့သည်၌...

"ကဲ...ရောက်ပြီဟေ့ ပေါ်ဦး"

"ဟုတ်ကဲ့...ဆရာ"

"တီတီ....တီ"

ကျွန်တော် မော်တော်ကားဟွန်း နှိပ်လိုက်သည်။ မကြာမီ အစေခံတစ်ယောက်လာ၍ တံခါးဖွင့်ပေးသည်။

ဝင်းဝမှ အိမ်ရောက်အောင်ပင် ကိုက်တစ်ရာမျှ မောင်းရသေး၏။ ခြံကြီးမှာ ကျယ်ဝန်းလှ၍ အိမ်ရှေ့ဘက်မှ ပန်းဥယျာဉ်နှင့် နောက်ဖေးဘက် ခပ်လှမ်းလှမ်းတွင် သစ်ပင်ကြီးငယ် ချုံပိတ်ပေါင်းတွေနှင့် 'နန္ဒမာလာ'ဆိုသော အမည်ထက် 'မြိုင်ကြီးဟေမာ'ဟု မှည့်ခေါ်ဖို့ကောင်းပေသည်။

အိမ်ကြီးမှာလည်း ကြီးမားသော နှစ်ထပ်တိုက် အုတ်ကြွပ်မိုးဖြစ်၍ ပုံသဏ္ဌာန်မှာ ဗမာပြည်တွင် အထက်တန်းကျကျ နေသွားသော ဥရောပတိုက်သားများ၏ စိတ်ကြိုက်ပါပေတည်း။

ဦးဘဆက်သည် ဤခြံနှင့်အိမ်ကို ဘိလပ်ပြန်သွားသော ဗိုလ်တစ်ယောက်၏အမွေခံမှတစ်ဆင့် ဈေးခပ်ချောင်ချောင်နှင့် ရလိုက်သည်ဆိုသည်။ တန်ဖိုးကား နည်းမည်မဟုတ်ပါပေ။

mgyoe.com

mgyoe.com

သမက်ဖြစ်သူသည် "ဒါ...ငါ့ယောက္ခမအိမ်ဟု" လက်ညှိုးထိုးပြလိုက်ရုံနှင့် အိမ်ကြီးအိမ်ကောင်း မက်မောသူတို့သည် "သမီးမပါဘဲနဲ့တောင် ယောက္ခမတော်ရ ကျိုးနပ်ပါပေသည်"ဟု ဆိုကြပေလိမ့်မည်။

အိမ်ကြီးရှေ့ဆင်ဝင်အောက် ရောက်သည်၌ ကျွန်တော်ကားပေါ်မှ ဆင်းလိုက်၍ ဝင်းတံခါးဖွင့်ပေးပြီး ပြန်လိုက်လာသော အစေခံအား ကျွန်တော် မတွေ့ချင်ဆုံးသော ဦးဘဆက်ကြီးနာမည်ကို စတင်မေးရတော့သည်။

"သခင်ကြီးလား...ရှိပါတယ်၊ အခုနပဲ ဟိုနောက်ဖေးဘက်မှာ ကိုသံခဲနဲ့ လမ်းလျှောက်နေတာ မြင်ပါတယ်"

"ဘယ်သူ ကိုသံခဲ"

ကျွန်တော့်မှာ ဤနာမည်ကိုကြားလိုက်ရုံနှင့်ပင် ရင်ထဲထိတ်သွား၍ "အရပ်ထောင်မောင်းမောင်းနဲ့ တုတ်တုတ်ခိုင်ခိုင်လူကြီးလား"

"ဟုတ်ပါတယ်၊ မနေ့ကဘဲ သခင်ကြီးနဲ့ ရန်ကုန်က ပါလာတဲ့ဧည့်သည်"

ဟဲ...ကျွန်တော့်ရင်ထဲ လေးသွားပေတော့သည်။ သူ့ကို ကျွန်တော် ရှေးဟောင်းပစ္စည်းဆိုင်တွင် တွေ့ခဲ့စဉ်က ဦးဘဆက်နှင့် ရန်ကုန်တွင်သာ အဖော်လိုက်နေတာဟု အောက်မေ့ခဲ့သည်။ ယခု ဒီမှာရောက်နေတယ်ဆိုတော့ ဦးဘဆက်တစ်ယောက်နှင့်ပင် အန်တီမြခိုင်းတာကို ရင်လေးခဲ့သော ကျွန်တော့် စိတ်သည် ပိုမိုထိတ်လန့်၍သွားလေသည်။

သို့သော် ဣန္ဒြေမပျက်စေဘဲ...

"နို့...မြကေနကော"

"သခင်မလေးတော့ အိမ်ပေါ်မှာရှိပါတယ်၊ ဒါပေမဲ့ အခုတွေ့နိုင်မယ် မထင်ပါဘူး၊ ဒီအချိန်မှာ အိပ်နေတတ်ပါတယ်"

"ဒါဖြင့် တင်အောင်လွင်ကော"

"သူတော့ စောစောကပဲ အပြင်ထွက်သွားတာ မြင်လိုက်ပါတယ်"

"ကဲ...ဘော်ဘီစိန် တစ်ယောက်ကော..."

"ဟာ...သူ့တော့ ဘယ်အချိန် ဘယ်မှာ ဘာလုပ်နေတယ်လို့ ဘယ်သူမှ မပြောနိုင်ဘူးခင်ဗျာ"

ကျွန်တော့်နှုတ်ခမ်းတွင် အပြုံးရောင်သမ်းသွားပြီး...

"အင်း...ဘသုံးလုံးကျေပေတာပဲ၊ ကဲ...ကျုပ်တို့ ဒီမှာတည်းမယ့် ဧည့်သည်တွေပဲ၊ ပစ္စည်းတွေကြည့်ပြီး နေရာချပေးလိုက်ပါ"

mgyoe.com

"ဟုတ်ကဲ့...သခင်မကလေးက မှာထားပါတယ်"

ထို့နောက် ပေါ်ဦးနှင့်နှစ်ယောက် သယ်ကြပိုးကြလေသည်။

ကျွန်တော်ကား အိမ်ကြီးထဲသို့ဝင်ခဲ့လေ၏။ အပြင်ခန်းကြီးကျယ်သလောက် အတွင်းမှာလည်း ခမ်းနားလှပါပေသည်။

ကျွန်တော်သည် ဧည့်ခန်းထဲသို့ရောက်ပြီးနောက် တစ်ယောက်တည်းထိုင်နေရန် ပျင်းသည်နှင့် ဟိုလျှောက် သည်လျှောက်ပြုနေရာမှ တံခါး၀ တစ်ခု၏ ခန်းဆီးကိုဖွင့်ကြည့်လိုက်မိရာ ထိုအခန်းထဲမှာ ဦးဘဆက်ကြီး စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများကို တွေ့ရပါသည်။

ကျွန်တော်သည် ဤအရာ၀တ္ထုမျိုးတွေကို စိတ်လည်းမ၀င်စား၊ တန်ဖိုးလည်းမထားပါ။ သို့သော် ၎င်းတို့အထဲ၌ တစ်ခုသောအရာကို မျက်စိရောက်သွားသည်တွင် ရုတ်တရက် ရင်ထဲထိတ်ခနဲဖြစ်သွားပြီး အနီးသို့ချဉ်းကပ်မိကာ ဆတ်ခနဲ ကောက်ယူလိုက်မိပါသည်။

ကင်း၀န်မင်းကြီး၏ ကွမ်းအစ်ပေတည်း။

ထိုသို့ပြုမူရာ၌ ကျွန်တော့်စိတ်ထဲတွင် ကိုယ်မနေ့က အခင်းဖြစ်ခဲ့သောပစ္စည်းမို့ ကြည့်ရှုလို၍လော၊ သို့မဟုတ် အန်တီမြခိုင်းစေချက်ကို အခွင့်သင့်သည်နှင့် ဆောင်ရွက်ရန်လား၊ ကိုယ့်ဟာကိုယ်မှ မခွဲခြားနိုင်ပါ။ ဤအခိုက်...

"လက်မြှောက်လိုက်"ဟူသောအသံကိုကြား၍ လှည့်ကြည့်လိုက်ရာ ကျွန်တော့်နောက် ပြတင်းပေါက်မှ ငှက်ပစ်သေနတ်ပြောင်းတိုကလေးနှင့် ချိန်ထားသော ဘသားချောကိုသံခဲကို တွေ့ရလေ၏။

(ဃ)

ကျွန်တော် ကိုသံခဲ၏ပုံသဏ္ဍာန်ကို ဖော်ပြခဲ့ရာ၌ နာမည်နှင့်လိုက်အောင် လူကောင်တုတ်တုတ်ခဲခဲ အရပ် ၆ ပေမျှနှင့် မျက်စိကြည့်ပုံမှာ ဟစ်တလာရှုမျိုးဟု ဆိုခဲ့သည်။ သို့သော် ယခု သူဘောင်းဘီရှည်၊ စပို့ရှပ်၀တ်ထားတုန်း နီးနီးကပ်ကပ် စေ့စေ့စပ်စပ် တွေ့ရသည်၌ ၆ ပေမက ၇ပေနီးလျက် မျက်စိကြည့်ပုံမှာလည်း ဟစ်တလာရှုမျိုးနှင့် တူရုံသာမဟုတ်။ သူ့အသံမှာလည်း အာဏာရှင်စတာလင် ဆန်လှပေသည်။ မေးရိုးကြီးကလည်း မူဆိုလိုနီနှင့် တူပြန်သေး၏။

mgyoe.com

mgyoe.com

ကျွန်တော့်ကို သေနတ်နှင့်ချိန်လျက်...
"ဦးဘဆက်"
တော်တော်ခပ်လှမ်းလှမ်းဆီမှ...
"ဟေ...ဘာတုန်း မောင်သံခဲ"
"ဒီကိုလာစမ်း၊ ခင်ဗျားကို အထူးအဆန်းပြစရာ ရှိတယ်"
"ဘာလဲ၊ အိမ်မြှောင်အမြီးနှစ်ခွ တွေ့ပလား"
"လာစမ်းပါ ဆိုနေ"
ဦးဘဆက်ကြီးအနီးသို့ ရောက်လာသည်၌...
"ကဲ...ဒီမှာကြည့်စမ်း"
အဘိုးကြီးသည် ငွေကွမ်းအစ်ကိုကိုင်၍ လက်မြှောက်နေသော ကျွန်တော့်ကိုမြင်သောအခါ အလွန်အံ့ဩစွာနှင့် မျက်မှန်ပေါ်မျက်စိကျော်၍ ကြည့်လျက်...
"ဟော့...ခါးပိုက်နှိုက် အလစ်သမားပါလား"
ကိုသံခဲက...
"ကဲ...မထူးဆန်းဘူးလား"
"မယုံနိုင်စရာပဲကွယ်၊ ငါက မနေ့က လူကောင်းဖြစ်သွားပြီများ ပြောလိုက်မိသေး"
"ဒါကြောင့် ဗီဇဆိုတာ ပျောက်နိုင်ခဲတယ်လို့ ကျုပ်ပြောတယ်"
"မှန်ပေတယ် မောင်သံခဲ၊ အခု ဘယ်လိုမိတာတုံး"
"ကျုပ်က ပဲ့ာဟိုဘက် ဘုတ်တစ်ကောင်ပစ်မယ်လုပ်နေတုန်း ဟောဒီအခန်းထဲက လူရိပ်မြင်တာနဲ့ မသင်္ကာလို့ လျှောက်လာခဲ့တော့ ခွေးမသား ကွမ်းအစ်ယူပြီး လစ်မယ်လုပ်နေတုန်း ပက်ပင်းမိနေတာပေါ့"
"ကျေးဇူးပဲ မောင်သံခဲ၊ ဒင်းက ဒီပစ္စည်းအတွက် ငါ့နောက် ကောက်ကောက်ပါအောင် လိုက်လာတာကိုး"
"ခင်ဗျားအဖို့ တော်တော်အရေးကြီးတယ်၊ ကဲ...တတ်နိုင်သလောက်သာ အရေးယူပေတော့"
"အခုပဲ သူ့ ငါဖမ်းဖို့ ဝရမ်းထုတ်မယ်လေ၊ ကဲ...ဟိုဘက်ခန်းခေါ်ခဲ့"
သူတို့နှစ်ယောက်စလုံးပင် ပြတင်းပေါက်မှ ကျော်ဝင်ကြပြီး ကိုသံခဲက...

mgyoe.com


"အမှုကို ခပ်ပြင်းပြင်းလုပ်ပေး၊ ဒီကောင် သိပ်အတင့်ရဲတဲ့ကောင်၊ သက်သာမပေးနဲ့"

"ဘယ်သက်သာလိမ့်မတုန်း၊ ဥပဒေ ငါနိုင်ပါတယ်၊ မနေ့က ထီးအလစ်သုတ်တာရော၊ ဒီကွမ်းအစ် ယူပြေးမယ်လုပ်တာရော၊ အခု ငါ့အိမ်ထဲလက်ပူးလက်ကြပ်မိနေတာရောဆိုရင် ဒီကောင် ထောင်ဒဏ်ရော၊ ငွေဒဏ်ရော၊ ကြိမ်ဒဏ်ရော သုံးမျိုးသုံးဖလှယ်"

"အမ်း"

ကျွန်တော့်လည်ချောင်းထဲမှ ရုတ်တရက် အသံအလုံးကြီးပြန့်ထွက်သွားပါသည်။ ကိုသံခဲသေနတ်သည် ကျွန်တော့်ရှေ့တော့လာပြီး...

"ဘာသံဟစ်တာလဲ၊ ဆော်ထည့်လိုက်မလား"

ဦးဘဆက်ကမူ နားနှစ်ဖက် လက်ဝါးနှင့်ပိတ်လိုက်၍...

"ကြည့်စမ်း...ငါ့နားကွဲထွက်မလား အောက်မေ့ရတယ်"

စင်စစ်မှာ သူတို့ချည်း ပြောချင်တာပြော၍ ကျွန်တော့်အား အနှမ္မသဘောထားကာ တစ်ဖက်သတ်စီရင်ချက်ချနေကြသည်ကို ကျွန်တော်က ပြန်လှန်ထုချေရန် ကြိုးစားနေရာမှ သူတို့နှစ်ယောက် အတိုင်အဖောက်စကားထဲကြားဝင်ခွင့်မရသည့်အဆုံး၌ ကျွန်တော့်ရင်ခေါင်းထဲမှ ပေါက်ကွဲထွက်လာသောအသံ ဖြစ်ပါသည်။ တိုက်ခန်းလိုဏ်သံနှင့်ဆိုတော့ တော်တော်လည်းကြီးကျယ်သွားပါသည်။ ကျွန်တော့်အသံပင် ကျွန်တော် လန့်သွားပါသေးသည်။ "အမ်း"ဟု ယခုဆိုလိုက်ရသော်လည်း "အဟုန်း"သို့မဟုတ် "အဟွန်း"ဖြစ်ချင်ဖြစ်ပါမည်။ တိတိကျကျ မပြောနိုင်ပါ။

မည်သို့ပင်ဖြစ်လင့်ကစား ဤအလုံးကြီးထွက်သွားမှ ကျွန်တော့်မူမှန်ကိုရလျက်...

"တစ်ဆိတ်... ကျွန်တော့်ကိုလည်း အဖက်လုပ်ကြပါဦးလားဗျာ၊ ကျွန်တော့်ရှင်းလင်းခွင့် ပေးကြပါဦး"

ဦးဘဆက်ကြီးသည် ကျွန်တော့်ကိုစိုက်ကြည့်ကာ...

"အောင်မယ်...ဘယ်လိုများ ငြင်းချက်ထုတ်ဦးမလဲ"

တရားသူကြီးများသည် တရားသူကြီးသံ ပါလာပါသည်။

တရားသူကြီးအမူအရာ ပေါ်လာပါသည်။

သူတို့ခေါ်သွားသော အခန်းထဲရောက်သည်၌ ကျွန်တော့်မှာ သူတို့ပေးသောနေရာတွင် ထိုင်ရပါသည်။ ဦးဘဆက်က တရားသူကြီးကဲ့သို့ လည်း

mgyoe.com

mgyoe.com


ကောင်း၊ ကိုသံခဲကြီးက တရားခံစောင့်ပုလိပ်ကဲ့သို့ လည်းကောင်း ရှိကြရာ ကျွန်တော့်မှာ တရားခံဘဝင်ရောက်နေလျက် ဘာကစပြီးဖြေရပါမည်ဟု လည် ချောင်းထဲတစ်နေပါသည်။

ထိုအခိုက်...

"အိုး...ကိုဆွေ"ဟူသော ကြည်လင်ရွှင်မြူးသော အသံကလေးကိုကြား ရ၍ လှည့်ကြည့်လိုက်သော် ကြက်သွေးရင့်ရောင် ကတ္တီပါခန်းဆီးနောက်တွင် အဝါနုရောင် ပဲရစ်ပိုးတုလုံချည်နှင့် လှပကြော့ရှင်းသော မြကေနု။

■

mgyoe.com

mgyoe.com


# အခန်း (၃)

## (က)

ပျော့ပျောင်းတွန့်အိနေသောဆံပင်၊ နက်မှောင်သောမျက်ခုံး၊ မျက်လုံး၊ ဖြောင့်စင်းသောနှာတံ၊ နှင်းဆီငုံ နှုတ်ခမ်း၊ ဝါဝင်းသော အသားအရောင်၊ နွဲ့နှောင်းပြေပြစ်သော ကိုယ်ဟန်နှင့် ဤမျှ အလှဂုဏ်ပြည့်ဝနေသော မိန်းကလေးကို ကျွန်တော် 'မလိုချင်'ဟု အန်တီမြအား ပြောခဲ့သောစကားကို မိတ်ဆွေသည် ပြန်လည်သတိရပါက ကျွန်တော့်အား "မောင်ဆွေ လူအပဲ" ဆိုချေမည်။

သို့သော် ဤမိန်းကလေး၏စိတ်သဘောသည် အင်မတန် နုနယ်သေးသိမ်၍ ပြောရေးဆိုတာတွင် ကလေးတစ်ယောက်၏ အသိဉာဏ်မျှရှိလျက် လင်ဖြစ်သူ အရိုးများသော ငါးသလောက်ဟင်းနှင့် ထမင်းစားနေတုန်းမှ (ဝါ) စာတစ်အုပ်ကို စိတ်ဝင်စားစွာဖတ်နေတုန်းမှ နောက်ကနေ မျက်စိကို လက်ဝါးနှင့် လာပိတ်၍ "ကဲ...ဘူလဲလို့ကြောစမ်း"လို့ဆိုသည့် မိန်းကလေး မျိုးဖြစ်ကြောင်း မိတ်ဆွေသိရှိပါက "အောင်မာ...ကိုအေးဆွေက အိမ်ထောင်ရေးမှာ အဆင်းမကြည့် အချင်းကြည့်တဲ့လူပဲ"ဟု ချီးမွမ်းပါလိမ့်မည်။

သို့လင့်ကစား ယခုအခြေဦမူ ကျွန်တော့်မှာ သူရောက်လာသည်၌ ရေနစ်တုန်း ဝါးလုံးကို ဆွဲမိသကဲ့သို့ အားရှိကာ...

"ဟော့...နု"

သူသည် ကြည်လင်ဝိုင်းစက်သောမျက်လုံးကြီးနှင့် ကျွန်တော့်အနီး ချဉ်းကပ်လာကာ...

"ကိုဆွေ ဘယ်တုန်းကရောက်လဲဟင်"

mgyoe.com

mgyoe.com


"အခုနပဲ"

"ဘာနဲ့လဲ၊ ရထားနဲ့လား"

"ဟင့်အင်း…ကိုယ့်ကားနဲ့ပဲ"

"အို…လမ်းမှာ လူဆိုးတွေနဲ့ မတွေ့ခဲ့ဘူးလား"

"မတွေ့ခဲ့ပါဘူး"

"ကံကြီးလို့နော်၊ ဒီလမ်းမှာ သောင်းကျန်းသူတွေ ရှိတယ်"ဆိုပြီး သူ့အဖေဘက်သို့လှည့်၍ "အို…ဒယ်ဒီတို့နဲ့ စကားပြောပြီးကြပြီနော် ကိုဆွေ၊ ဒါ နုဖားသာပဲ၊ ဟောဒါက ရန်ကုန်က ကိုသံခဲသိပြီးကြပလား"

ယင်း၌ ကျွန်တော်နှင့်သူ့သမီးကို အလွန်တရာ ထူးဆန်းအံ့သြဟန်နှင့်ကြည့်နေရာမှ…

"နေပါဦး…သမီး၊ သူက ဘယ်သူလဲ"

"အို…ဒယ်ဒီ့နှယ်…ကိုအေးဆွေလေ၊ ဒီနေ့ရောက်လာလိမ့်မယ်လို့ ဒက်ဒီ့ကိုတောင် သမီးပြောထားသားပဲ"

သို့တိုင် ဦးဘဆက်မှာ မယုံကြည်နိုင်ဘဲ…

"အို…သမီးပြောတဲ့လူဟာ သူလား"

"ဟုတ်ပါတယ် ဒယ်ဒီ"

"ဘယ့်နှယ်…သူခိုး ခါးပိုက်နှိုက်"

"အလစ်သမား"

မောင်သံခဲကြီးကပါ ဝင်စွက်လိုက်သည်။

မြကေနုမှာ မျက်လုံးဝိုင်းဝိုင်းလည်၍…

"အို…ဘာတွေပြောနေကြတာလဲ"

ဤအချိန်၌ ကျွန်တော့်မှာ သူတို့စွပ်စွဲချက်တွေ နားထောင်နေရတာ ငြီးငွေ့လာပြီဖြစ်၍ ထိုင်ရာမှထပြီး လက်ဝါးကာထလိုက်ကာ…

"ကဲ…ကဲ…တစ်ဆိတ် ကျွန်တော့်ကို စကားပြောခွင့်ပေးကြပါဦး၊ ခင်ဗျားတို့ယူဆချက်တွေဟာ အင်မတန် ရယ်စရာကောင်းတဲ့ အထင်အမြင်မှားမှုတွေပဲ၊ ကျေးဇူးပြုပြီး ကျွန်တော့်ရှင်းလင်းချက်ကို နားထောင်ဖို့တောင်းပန်ပါတယ်"

ဤသို့ ပဏာမခံ၍ အမှန်အတိုင်းကို ပြောဆိုသောအခါ၌ အများအားဖြင့် လူတို့သည် ဆိတ်ငြိမ်စွာ နားထောင်နေကြပြီး ကိစ္စရှင်းလင်းသွား

mgyoe.com

mgyoe.com


သောအခါတွင် မိမိတို့အထင်မှားခဲ့သည်ကို တောင်းပန်ဖို့သာ ရှိတော့သည် မဟုတ်ပါလား။

သို့သော် ဦးဘဆက်ကြီးကား ဤလိုအများအားဖြင့် လူစားထဲက မဟုတ်။ သူ့ဘဝတာမှာ လူတို့အား စစ်ဆေးမေးမြန်းခြင်းဖြင့်သာ အသက်မွေးခဲ့သည်ဖြစ်သောကြောင့် ဇာတိစိတ်မဖျောက်နိုင်ဘဲ ကျွန်တော့်အား မေးခွန်းများထုတ်တော်မူပါသည်။

ကျွန်တော်က ရှေးဟောင်းပစ္စည်းဆိုင်တွင် သူ့ထီးကို မှား၍ကိုင်မိကြောင်း ရှင်းပြပြီးသည်၌...

"ကဲ...ဒီထီး ကိစ္စထားပါတော့၊ ဟိုအရင် မင်းဘူတာရုံမှာ အမျိုးသမီးတစ်ယောက် လက်ဆွဲအိတ်ကိုလုပြေးတာတော့ ဘာပြောမလဲ"

"အို...ဒါ ကျွန်တော် မဟုတ်ပါဘူး"

"အောင်မယ်...မင့် ငါဒီအမှုနဲ့ ထောင်သုံးလချလိုက်တာ၊ အခု အမှုလက်ခံဖိုင်တွဲတွေထဲ ပြန်ကြည့်တွေ့နိုင်သေးတယ်"

"အဲဒါ ဦးလူအမှတ်မှားနေတာ၊ ကျွန်တော်က ပုလိပ်တစ်ယောက်ရဲ့ ဦးထုပ်ကို ဆွဲချွတ်မှုနဲ့ ဒဏ်ငွေအစိတ်ချတာပဲ၊ သေသေချာချာ ပြန်စဉ်းစားပါ၊ ဖိုင်တွဲထဲ ပြန်ကြည့်ချင်ကြည့်"

ဤနေရာ၌ မြကေနကပါဝင်၍...

"ဒါတော့ ဟုတ်တယ် ဒယ်ဒီ၊ သမီးတို့တောင်သိသေး၊ ဟိုနိုရီယာ ထွန်းတို့ ပါတီတုန်းက စကားစပ်မိလို့ ကိုဆွေက ပြောပြတယ်၊ ပုလိပ်တစ်ယောက် ဘယ်လောက်သတိကောင်းသလဲ စမ်းကြည့်တာတဲ့"

စင်စစ်မှာ ကျွန်တော်မူး၍ ဖြစ်သွားသည့်ကိစ္စကို လူကြား၍ကောင်းအောင် ချီးမွမ်းစရာပင်ဖြစ်အောင် "ဒီမှာ ပုလိပ်ဆိုတာ တိုင်းပြည်လူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့တာဝန်ကို ထမ်းဆောင်ရတယ်မဟုတ်လား၊ ဒီတော့ ပထမ သူတို့ခေါင်းပေါ်မှာရှိတဲ့ ဦးထုပ်ကို ထိန်းသိမ်းနိုင်ရဲ့လား စမ်းကြည့်ရတယ်၊ အင်္ဂလန်မှာဆိုရင်လည်း အဲဒီလို ဦးထုပ်အဘုန်းခံရတဲ့ ပုလိပ်ဟာ တစ်ခါတည်းနာမည်ပျက်တာပဲ"ဟု ကျွန်တော်သည် ကောင်မလေးကို လိမ့်ထားခဲ့ပါသည်။

ယင်းသို့ သူ့သမီး၏ထောက်ခံချက်ကိုပင် ရသောအခါ၌ ဦးဘဆက်ကြီးသည် ဤကိစ္စကိုရပ်၍ နောက်တစ်မှုကိုဖွင့်ပြန်သည်။

mgyoe.com

mgyoe.com

"ကဲ...မနေ့က ရှေးဟောင်းပစ္စည်းဆိုင်မှာ ငွေကွမ်းအစ်နဲ့ဖြစ်တဲ့ကိစ္စကော ဘာပြောမလဲ"

"ဒါ...ဆိုင်ရှင်က ကျွန်တော့်ကို ကြည့်ဖို့ပေးလို့ အထဲမှာမှောင်တာနဲ့ အပြင်ဘက် အလင်းရောင်ကိုယူလာတာ"

"ဘယ့်နှယ်...ကြည့်ရအောင် ယူလာတာကလည်း ဒရောသောပါး ပြေးထွက်လာပါကလား"

"လမ်းမှာ ကြောင်တက်နင်းမိလို့"

"ဘယ်ကကြောင်တုန်း"

"အဲဒီဆိုင်ကကြောင်ပေါ့"

"တို့မမြင်ပါလား၊ ဟော့...မောင်သံခဲကော တွေ့မိလား"

"ကြောင်ဝေးလို့ ကြွက်တောင်မတွေ့ပါဘူး"

ကမြင်းမ ဆွဲချက...

"ကြောင်က ခင်ဗျားတို့အပြင်ရောက်မှ ဆိုင်ရှင်နဲ့ မီးဖိုချောင်ထဲက နေ့လယ်စာစားပြီး နှုတ်ခမ်းမွေးသပ်ထွက်လာတာဗျ၊ မယုံဆိုင်ရှင်ပြန်မေးချေဦး"

"နို့...ကြောင်တက်နင်းမိတာနဲ့ ပြေးရမလား"

"ဒါတော့ ကြောင်တစ်ကောင်ကို တစ်ခါလောက် အမှတ်တမဲ့တက်နင်းဖူးတဲ့လူမှ သိမှာပဲ"

"ဟုတ်တယ်...ဒယ်ဒီ"မြကေနက ထောက်ခံပြန်သည်။

"သမီး တစ်ခါတလေ ပူစီတက်နင်းမိလို့ လိုက်ကိုက်လို့ ပြေးလိုက်ရတာလေ မပြောပါနဲ့တော့"

အင်း...ထောက်ခံပုံကတော့ သောက်လွဲပါပဲ။ သို့သော် သူ့အဖေ ဒီကိစ္စကို ဒါနဲ့ပဲရပ်ပြီး...

"ကဲ...ဒါထားလိုက်တော့၊ အခု နောက်ဆုံးကိစ္စမှာ ဒီငွေကွမ်းအစ်ကို မင်းဆီမှာ လက်ပူးလက်ကြပ် မောင်သံခဲကိုယ်တိုင်မိနေတာတော့ မင်း ဘာငြင်းချက်ထုတ်နိုင်သေးသလဲ"

သူ့မေးခွန်းမှာ ပိုင်ပိုင်နိုင်နိုင် ရှိလှပါသည်။ မောင်သံခဲကြီးသည် ကလည်း အလွန်လိုက်လှဲစွာဖြင့်...

"ဟုတ်တယ်...ဒါကို ကျုပ် မေးချင်နေတာပဲ"

mgyoe.com

mgyoe.com


ကျွန်တော်ကလည်း သွက်လက်စွာဖြင့်....

"ဒါ ကျွန်တော် မနေ့ ရှေးဟောင်းပစ္စည်းဆိုင်မှာတွေ့ခဲ့တာ ဖြစ်မှာပဲ ဆိုပြီး ယူကြည့်နေတာပဲ"

ဤနေရာ၌ ဦးဘဆက်သည် ခေတ္တမျှ စဉ်းစားချိန်ယူပြီးမှ...

"ကဲ...နေပါဦး၊ မင်း ငါ့အိမ်ကို တစ်ခါမှ မရောက်ဖူးဘဲနှင့် ငါ့ဆီမှာ ဒီလို ရှေးဟောင်းပစ္စည်းတွေ ရှိတယ်ဆိုတာသိပြီး ဒီအခန်းထဲ ဘာကြောင့် ရောက်လာတာလဲ"

ဤမေးခွန်းမှာ ကျွန်တော် ရုတ်တရက်ဖြေရန် ကျပ်ပါသည်။ သို့သော် တော်သေး၏။ သူ့သမီးတော် မြကေနုက...

"အို...ဒယ်ဒီ ဒါတော့ သူက ဒယ်ဒီရဲ့မိတ်ဆွေ ဝဏ္ဏကျော်ထင်ဦးဖုန်း ချစ်ရဲ့တူပဲ"

ဦးဘဆက်ကြီး၏ မျက်လုံးသည် ရုတ်တရက်ကျယ်ကာ...

"ဘာ"

"ဦးဖုန်းချစ်ရဲ့တူ၊ ဒီတော့ သူ့ဦးကြီးက ဒယ်ဒီ့ဆီမှာလည်း သူ့လိုပဲ ရှေးဟောင်းပစ္စည်းတွေ စုထားတာရှိတယ်လို့ သူ့တူ သူပြောမှာပေါ့နော် ကိုဆွေ၊ ကိုဆွေ့ဦးကြီးချစ်က ပြောတယ်မဟုတ်လား"

ကျွန်တော် ထောက်ခံလိုက်ပါသည်။

ဤကိစ္စ ဤနေရာတွင် ပြီးသွားပါ၏။

သို့သော် အခြေအနေက ပို၍ဆိုးလေပြီ။ ဦးဘဆက်သည် ကျွန်တော့်အား ဦးချစ်ဖုန်း၏တူဆိုတာ ကြားလိုက်ကတည်းက ဤကင်းဝန်မင်းကြီး ကွမ်းအစ် ကိစ္စမှာ ပို၍အရေးကြီးသည်ဟု ယူဆတော့လေပြီ။ ကျွန်တော် အန်တီမြခိုင်းတာကို လုပ်လုပ်,မလုပ်လုပ် မျက်ခြည်ပြတ်ခံတော့မည်မဟုတ်ပေ။

ထို့ကြောင့် ကျွန်တော်သည် သူတို့နှင့် ရာဇဝတ်ကောင်အဖြစ်မှ လွတ်ခဲ့၍ မြကေနုနှင့် နှစ်ယောက်ခွဲထွက်ခဲ့သောအခါ၌...

"နုရေ...ကိုယ် သံကြိုးတစ်စောင်လောက်ရိုက်ချင်တယ်"

"ဘယ်တော့လဲ"

"အခုပေါ့...အန်တီမြဆီ၊ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့..."

"ဒါဖြင့် လာ"ဆိုပြီး စာရေးစားပွဲတစ်ခုဆီသို့ ခေါ်သွား၍ "ရော့... စက္ကူ၊ ရေးပြီးတော့ နုအိမ်က အစေခံကိုဘဖိုးကို ပေးလွှတ်လိုက်မယ်၊ ကြေး

mgyoe.com

mgyoe.com


နန်းရုံးက စာရေးမခင်စောရီကို နက လွှတ်လိုက်တာဆိုရင် မီးသေတယ်၊ ကဲ...ကိုဆွေ ရေးနေတုန်း န သွားပြီးကော်ဖီပြင်လိုက်မယ်နော်၊ ပြီးတော့ရင် ကိုဆွေ ဟော့ဟို လက်ဖက်ရည်ခန်းကိုလာခဲ့"

ကျွန်တော်သည် သူထွက်သွားသည်၌ အောက်ပါသံကြိုးစာကို ရေးလိုက်ပါသည်။

*အစွမ်းကုန်ကြိုးစားတာပဲ။ ဒါပေမဲ့ မရတော့ဘူး၊ သူတို့ ကျွန်တော့်အကြံကို သိသွားပြီ။ လက်လျှော့လိုက်ရပြီ။ မတတ်နိုင်တော့ဘူး။ အများကြီးဝမ်းနည်းပါတယ်။*

*အေးဆွေ*

ပြီးလျှင် လက်ဖက်ရည်ခန်း မြကေနုဆီသို့ လာခဲ့လေသည်။

ကျွန်တော်ကား နေ့လယ်စာခပ်ဆာဆာနှင့် ကော်ဖီနှင့်မုန့်များကို ကုန်း၍တုတ်လေသည်။ မြကေနုကမူ ဘာမျှမစားသောက်ဘဲ သူ၏ကြည်လင်သော မျက်လုံးအစုံနှင့် ကျွန်တော့်အား စိန်းစိန်းစားစားကြည့်နေသည်။ အထက်စီးနှင့် ကရုဏာသက်သော အရိပ်အငွေ့များလည်း ပါနေသေး၏။

နောက်ဆုံး၌...

"အို...ကိုဆွေ၊ နုဆီ ဘာလို့ လိုက်လာခဲ့ပြန်တာတုံး၊ ကိုဆွေ အခုအခြေအနေမှာ နုကိုတွေ့ဖို့ မကောင်းတော့ဘူး၊ ကိုဆွေ့အသည်းကို ခက်ရင်းနဲ့ဆွသလို မနေဘူးလားဟင်၊ ကိုဆွေ ဒီရောက်လာတာဟာ နုမျက်နှာကိုမြင်ရတော့ အနာဟောင်းကို ပြန်ဖော်သလိုနေမှာပေါ့၊ နုမှာ ချစ်တဲ့လူရှိနေပြီ၊ ကိုဆွေ့ကို ရပ်တန်းကရပ်ပါစေတော့လို့ ကိုခင်မောင်ဇော်ကိုပဲ နုပြောခိုင်းလိုက်ပြီကော၊ သူ ကိုဆွေ့ကို ပြန်မပြောပြဘူးလားဟင်"

မိတ်ဆွေသည် ယခု မြကေနုလို မိန်းကလေးမျိုး တွေ့ဖူးကောင်း တွေ့ဖူးပေမည်။ သူသည် ချောမောလှပသော မိန်းကလေးဖြစ်ကြောင်း မှန်ပါသည်။ သို့သော် သူ့စိတ်တွင် သူ့ပင်ကိုရုပ်ရည်ထက် ပိုမိုချောမောသည်ဟု ယူဆကာ ယောကျ်ားတိုင်းက သူ့ကိုမကြိုက်ဘဲမနေနိုင်ကြဟု အောက်မေ့လျက် မည်သူမည်ဝါကဖြင့် သူ့ကိုကြိုက်နေသည်ဟူသော စကားမျိုးကို ကြားရပါက သူ အင်မတန် ဝမ်းသာသည်။

"အို...နုတော့ဖြင့် နုအလှနဲ့ ခက်တော့တာပါပဲ"ဟု ညည်းညူဟန်ပြုပြီး ထိုသတင်းကိုပြောကြားသူအား ရုပ်ရှင်ပြခြင်း၊ မုန့်ကျွေးခြင်းများပြုတော့

mgyoe.com

mgyoe.com


သည်။ မိန်းကလေးချင်းတို့သည် သူ့ကို ဤနည်းဖြင့် အမဲဖျက်ကြကုန်၏။ သူ့ညီမဝမ်းကွဲ ဘော်ဘီစိန်သည် သူ့အစ်မဆီက လိုချင်သမျှကို ဤနည်းနှင့် ချူ၏။ ကျွန်တော့်ကိုတွန်းထားသောကိစ္စမှာလည်း ဘော်ဘီစိန် အပါအဝင် ခင်မောင်ဇော်နှင့် ဖြစ်၏။ ဒီကောင်ကတော့ ဘာရယ်လို့မဟုတ်။ နောက်ပြောင်တတ်သော ဝါသနာမျှ ဖြစ်၏။

သို့သော် ယခု ကျွန်တော့်မှာတော့ ခံနေရသည်။ အမှန်အတိုင်း မဟုတ်ကြောင်း ရှင်းပြရန်ကလည်း မိတ်ဆွေ ဤမိန်းကလေးမျိုးအကြောင်း နားလည်က သိရှိပေမည်။ သူ့အလှဂုဏ်ကို စော်ကားရာရောက်၍ စိတ်ဆိုးချေမည်။ ထို့ကြောင့် ကိုယ့်အသားပဲ့ပါတာမှမဟုတ်တာ၊ သူ့အရှိန်နှင့်သူလိမ့်ပါစေတော့ဟု ငြိမ်နေလိုက်ရပါ၏။

သူသည် စကားတစ်ထောက် ခေတ္တနားပြီးနောက် ဆက်ပြန်၏။

"အေးလေ...ကိုဆွေ့အနေနဲ့ကတော့ ကိုယ် အသည်းစွဲချစ်နေတဲ့သူ တစ်ယောက်ကို ဒိုပြင်လူရဲ့ ရင်ခွင်ထဲရောက်ခါနီး နောက်ဆုံးအကြိမ်ပဲမြင်ရစေတော့ဆိုတဲ့သဘော ရှိမယ်ပေါ့နော်၊ နုအပေါ် ကိုဆွေ ဒီလောက် အစွဲအလမ်းကြီးတာကိုဖြင့် နုရဲ့ အသည်းထောင့်တစ်နေရာမှာ မှတ်တမ်းတင်ထားလိုက်ပါ့မယ်၊ ဒီလောက်ဆိုရင် ကိုဆွေ ဒီကိုလိုက်လာရတာဟာ ကျေနပ်ပါတော့နော်၊ ကိုဆွေနဲ့ ဒီဘဝမပေါင်းရလို့လည်း နောင်ဘဝ အကြောင်းမျှဖို့ ဆိုပြန်တော့လည်း မဖြစ်ပြန်ဘူး၊ ဘာကြောင့်လဲဆိုတော့ နုက နောင်ဘဝအဆက်ဆက်အတွက်ပါ ကိုလွင်နဲ့ သစ္စာပြုထားလိုက်ပြီ ကိုဆွေရဲ့၊ အခုမနက်စောစော အရုဏ်ဆွမ်းကပ်ရင်းနဲ့ ရွှေမော်ဓောဘုရားကြီးမှာ..."

ယင်း၌ ကျွန်တော့်မှာ မိမိလာရင်းကိစ္စအတွက် အကွက်ပေါ်လာပြီဖြစ်၍ သူအသားပါပါပြောသမျှကို မကြားချင် နားဆင်ရရင်း သောက်စားကုန်းတုတ်နေရာမှ ပါးစပ်ကို လက်ကိုင်ပဝါနှင့်သုတ်လိုက်ပြီး...

"နေပါဦး...ဒါနဲ့ တင်အောင်လွင် ကိုယ့်ဆီရိုက်လိုက်တဲ့ ကြေးနန်းစာထဲမှာက နုနဲ့ သူနဲ့ တစ်စုံတစ်ခုဖြစ်သလိုလို..."

ဤနေရာတွင် ငတိမသည် လက်ခုပ်လက်ဝါးတီးကာ စာစာပါအောင် ရယ်လျက်...

"သြော်...ကိုဆွေ၊ ဖြစ်မှဖြစ်ရလေ အပာစ်...ဟီး...ဟီး၊ ဒါကြောင့်ပဲ မဆိုင်းခဏ နုဆီလာတာကိုး၊ မျှော်လင့်ချက် အချစ်ဖွဲကလည်း ကြီးပါပေ့၊

mgyoe.com

အခွင့်ကောင်းပေါ်ပြီလို့ အောက်မေ့မှာပေါ့နော်၊ ဒါပေမဲ့ ကိုဆွေ၊ ဆောရီး... ဆောရီး၊ နုနဲ့ ကိုလွင်နဲ့ ဖြစ်တဲ့ကိစ္စက ဘာမှမဟုတ်ပါဘူး၊ တကယ်တော့ နုက ကိုလွင့်ကို အချစ်ကြီးပြီး သဝန်တိုမိတာ သဘောထားသေးမိတာပါ၊ အမှန်က ဘာမှ မဟုတ်ဘူး၊ ကိုလွင်က ဘော်ဘီစိန်မျက်လုံးထဲ ပိုးကောင်ဝင်လို့ ထုတ်ပေးနေတာကို နုက အထင်မှားမိတာပါ၊ အဲဒါကို မနေ့ညကပဲ ကိုလွင် ရှင်းပြလို့ ကျေအေးသွား ကြပါပြီ"

"ဩော်...ဒါလား"

ကျွန်တော့်မှာ ခွေးကောင် ရေးကြီးခွင့်ကျယ်လုပ်၍ သံကြိုးစာပေါင်း များစွာ ဆက်ကာ ဆက်ကာရိုက်သည့်ကိစ္စ သူ့ဟာသူပြီးသွားပြီဆိုတော့ ဝမ်းသာမိလျက်...

"အခု ဒါဖြင့် နှစ်ယောက်သား ကျေကျေနပ်နပ် ဖြစ်သွားကြပြီပေါ့"

"အခုမနက်ကပဲ ရွှေမော်ဓောဘုရားကြီးသွားပြီး နောင်ဘဝတွေအတွက် ပါတောင် ဆုတောင်းလိုက်ပြီဆိုမှပဲ ကိုဆွေရယ်"

"အင်း...ကောင်းပါလေဗျာ"

"ကိုဆွေ စိတ်မကောင်းမဖြစ်ဘူးလားဟင်"

"မဖြစ်ပါဘူး၊ နုတို့ တစ်ယောက်တစ်ယောက် ချစ်ကြလေ ကိုဆွေ ဝမ်းသာလေပါပဲ"

သူသည် ကျွန်တော်ဟန်လုပ်ပြောသောစကားမျိုးဟု ယူဆသော မျက်နှာထားနှင့်...

"တကယ်လား...နုဖြင့် ကိုလွင့်ကို တစ်နေ့တခြား ချစ်အားပိုလေပဲ"

"ဟာ...ပိုလည်း ပိုလောက်တဲ့လူပေကိုး"

ကျွန်တော့်မှာ သောက်မြင်ကတ်ကတ် ရှိလာသည်နှင့် တမင်ရွဲ့ပြော သည်။ သို့သော် ငတိမ အဟုတ်မှတ်ကာ...

"ကိုဆွေ အခု ကိုလွင်တိုးတက်နေတာတွေ သိပြီပေါ့နော်၊ တမြန် နေ့က ကိုဆွေတို့ မီးရထားဟိုတယ်မှာ ကိုလွင့်အတွက် ပါတီလေးတစ်ခု ပေးတယ်ဆို"

"ဟုတ်တယ်"

"အဲဒီမှာကိုလွင် ဟိုတုန်းကနဲ့ ဘယ်လိုခြားနားနေလဲဆိုတာ ကိုဆွေ တွေ့မှာပေါ့"

mgyoe.com

ကျွန်တော့်မှာ ဘာမှသတိမထားမိ၍ ပြန်ပြီးစဉ်းစားကြည့်သည်။ ပါလီမန်အမတ် ကိုငွေးကြွယ်၊ ဝတ်လုံတော်ရ ဦးမင်းစိန်၊ ကမ္ဘောဇသူဌေး ကိုမောင်မောင်၊ သတ္တုတွင်းသူဌေးလောင်းကြီး ဦးစိန်ဝင်း ကျွန်တော်တို့သူငယ်ချင်းတစ်ခု အင်္ဂလိပ်စာ၊ တရုတ်စာ မှာ၍စားကြသည်။ အရက်သောက်ကြသည်။ သောက်ကောင်း စားကောင်းရှိ၍ ပျော်ပျော်ပါးပါး ဖြစ်ကြသည်။ ဒါပဲ ကျွန်တော် မှတ်မိသဖြင့်...

"အဲဒီတုန်းက ကိုယ်နည်းနည်းမူးသွားတယ်ကွယ်၊ သတိမထားလိုက်မိဘူး"

"ဒါပေမဲ့ ပြန်စဉ်းစားကြည့် သိမှာပေါ့၊ ကိုလွင်က ကျေးဇူးတင်ကြောင်း ထပြီး စပိချ်ပေးတယ်ဆို"

ကျွန်တော် ယခုမှသတိရကာ...

"အား...ဟုတ်ပြီ...ဟုတ်ပြီ"

ဤနေရာ၌ မိမိအတွက် ဂုဏ်ပြုသောပွဲများတွင် ကျေးဇူးတင်ကြောင်း ဘာဘာညာညာ ထိုင်ရာမှထပြီး စကားပြောရသည်မှာ လေ့ကျင့်ထားသောလူများအဖို့ ဘာမျှခဲယဉ်းထူးဆန်းသောအရာ မဟုတ်ပါချေ။ သို့သော် တင်အောင်လွင်ကဲ့သို့ ဘယ်တုန်းကမှ လူတောမတိုးခဲ့တဲ့ လူစုလူအုပ်ထဲ မလွှဲသာ၍ မတ်တတ်ရပ်ပြရသည်မှာ ဆတ်ဆတ်တုန်ခဲ့သော လူအဖို့ကိုကား ချီးမွမ်းသြဘာ ထောမနာပြုဖွယ်ကောင်းပါပေသည်။ တစ်ကြိမ်သောအခါတွင် ပေါ်ဦးက "ဆရာ့သူငယ်ချင်းတွေထဲမှာဖြင့် ကိုတင်အောင်လွင်ဟာ လူသက်ဝင်နေတဲ့ သစ်ပင်ပဲ"ဟု မှတ်ချက်ချခဲ့ဖူးပါသည်။

ကျွန်တော်သည် ဤမျှဖြစ်ပျက်ခဲ့သော တင်အောင်လွင်၏ ထူးခြားချက်ကို ယခုမှ သေသေချာချာ စဉ်းစားမိ၍...

"ဟုတ်တယ်...နုရေ၊ ကိုယ့်လူစကားပြောတာမှ အတော်ကို ရဲရဲရင့်ရင့်ကြီးပဲ၊ အာဝဇ္ဇန်းလည်းရွှင်တယ်၊ ဦးမင်းစိန်ကိုတောင်မှ 'ဝတ်လုံတော်ရမင်းမှာတော့ မယားနှစ်ယောက်တွဲ၊ ကျွန်တော့်မှာဖြင့် ခုမှတစ်ယောက်တည်းကို မနည်းခဲရတယ်'လို့ ရွတ်လိုက်သေးဗျ"

မြကေနုမှာ သူ့ကြင်ရာလောင်းအတွက် အင်မတန်ဝမ်းသာအားရ ဖြစ်လျက်...

"ဒီလို ရင်းနှီးတဲ့လူချင်းကို မဆိုထားနဲ့၊ ဟို...ဒယ်ဒီ့မိတ်ဆွေ ကိုသံခဲ

mgyoe.com

ကြီးကိုတောင် နှက်တာပဲကိုဆွေရဲ့"

"ဘာ...ကိုသံခဲကြီးကို..."

ကျွန်တော့်မှာ ဒီလို ဟစ်တလာမျက်လုံး၊ စတာလင်အာဏာသံ၊ မူဆိုလိုနီမေးစေ့ရှိသော ငတိကြီးကိုမှ တင်အောင်လွင်က ပြောရဲဆိုရဲရှိနေပြီ ဆိုတော့ အံ့သြလှပါသည်။

မြကေနုသည် ကျွန်တော့်အမူအရာကိုကြည့်၍...

"ဟင်...ကိုဆွေက မယုံဘူးထင်တယ်၊ အခုမနက်တုန်းကပဲ ကော်ဖီစားပွဲမှာ ဘာအကြောင်းနဲ့လည်းမသိဘူး၊ ကိုသံခဲကြီးငိုင်ကျသွားအောင် ဝေဖန်ပစ်လိုက်သေးတယ်"

"ဟုတ်လား"

ကျွန်တော့်လို လူကိုတောင်မှ ရည်ရည်မွန်မွန် ပြန်လှန်မပြောတတ်သောကောင်က ဤမျှအထိဆိုတော့ ကျွန်တော် မယုံနိုင်အောင် ရှိပါသည်။ မိန်းကလေးတို့၏ထုံးစံ မိမိချစ်ကြိုက်နေသူကို အထင်ရောက်ခြင်းမျှ ဖြစ်လိမ့်မည်ဟု အောက်မေ့မိပါသည်။

သို့သော် ထိုအခိုက်၌ အပြင်ဘက်မှ လူတွေလျှောက်လာသောခြေသံများနှင့်အတူ...

"ဒီမှာ ကိုသံခဲရ၊ ပြဿနာတစ်ခုကို ဝေဖန်တဲ့အခါမှာ တစ်ခါတစ်ရံကြံကြံဖန်ဖန်ဖြစ်တဲ့ကိစ္စမျိုးကို ဆွဲသွင်းပြီး မကိုးကားရဘူးဗျ၊ အများနဲ့ဆိုင်တဲ့ကိစ္စ အများအားဖြင့် ဖြစ်တတ်တာမျိုးကိုသာပဲ ထုတ်ဖော်ပြနိုင်ရမယ်ဗျ"

ကျွန်တော့်နားကိုပင် ကျွန်တော်မယုံနိုင်ပါ။ သို့သော် တင်အောင်လွင့်အသံမှ တင်အောင်လွင်အစစ်။

ကျွန်တော် လှမ်းကြည့်လိုက်သောအခါဝယ် ဦးဘဆက်နှင့်ကိုသံခဲသည် အခြားအခန်းဘက်သို့ ချိုးဝင်သွား၍ တင်အောင်လွင်မှု ကျွန်တော့်ဆီသို့ တန်းလာလျက်...

"ဟော့...အေးဆွေ၊ ဘယ်လောက်ကြာပြီလဲ ရောက်နေတာ"

သူ့အသံနှင့်ဟန်ပန်မှာ တစ်မျိုးပင်ဖြစ်နေပါသည်။

"နှစ်နာရီလောက် ရှိသွားပြီကွ"

"အေးကွာ...ငါအပြင်ထွက်နေတယ်၊ ဘယ့်နှယ် ငါမှာတဲ့စာအုပ်ပါခဲ့ရဲ့လား"

mgyoe.com

mgyoe.com

"အေး...ငါမေ့ခဲ့တယ်ကွာ"

"ငါ့လခွီးတဲ့...မင်း အဲသလောက် သောက်သုံးမကျတဲ့အကောင်ဘဲ"

တင်အောင်လွင်က ရှေးယခင်က ကျွန်တော့်ကို ဤသို့ တစ်ခါမျှ မပြောခဲ့ဘူးပါ။ ကျွန်တော် သူ့မျက်နှာ စေ့စေ့ကြည့်မိလျက်...

"တင်အောင်လွင်....မင်းအရက်များ သောက်ထားလားကွာ"

"ကြံကြံဖန်ဖန်ကွာ၊ ဟော့...နု မောင့်အကြောင်း ပြောပြလိုက်စမ်း ကွယ်"

ဤတွင် သူ့ချာတိတ်မက ရွှန်းရွှန်းပသောမျက်နှာနှင့်...

"မောင် အရက်မသောက်တော့ဘူးလို့ နုကို ကတိပေးထားတယ် ကိုဆွေရဲ့"

ကျွန်တော်သည် မိန်းမနှင့်တွေ့စ အရက်ရှောင်ကြသောသူများကို မအံ့သြချေ။

"အေး...မင်းကြည့်ရတာ တစ်မျိုးဖြစ်နေလို့ကွ"

"ဒါကြောင့် ကိုဆွေကို နုပြောတာပေါ့၊ ကဲ...သူငယ်ချင်းနှစ်ယောက် စကားပြောနေခဲ့ကြဦး၊ နု ညစာထမင်းဟင်းအတွက် မီးဖိုချောင်ကိုဝင်လိုက်ဦးမယ်"

( ၈ )

"ဘယ့်နှယ်...တင်အောင်လွင်၊ မင်းတို့ချင်း ပြန်ဟန်ကျသွားပြီမဟုတ်လား"

"အေးကွ...ဟိုနေ့က ဘော်ဘီစိန်မျက်စိထဲ ပိုးကောင်ဝင်လို့ထုတ်ပေးနေတာကို နုက အထင်မှားတာ၊ ဒါနဲ့ ငါမင်းကို ကြားကဝင်ဖြေရှင်းပေးခိုင်းမလို့ ကြေးနန်းရိုက်လိုက်တာပဲ၊ အခုတော့ ငါ့ဟာ ငါပဲကိစ္စပြီးသွားပြီကွာ၊ မင်း မလိုတော့ပါဘူး၊ ဒါပေမဲ့ ရောက်တုန်း သုံးလေးရက်လောက်တော့နေဦးပေါ့၊ သူငယ်ချင်းရ၊ ဒီမှာ မင့်အဒေါ်နဲ့ တွေ့ရမှာပဲ"

"ဘာ...ငါ့အဒေါ်"

ကျွန်တော့်မှာ ရုတ်တရက် အံ့အားသင့်၍သွားပါသည်။ ဒေါ်စိုးကြီးလည်း မဖြစ်တန်ရာ။ အန်တီမြဆိုတာကလည်း မနေ့ကပဲ ကျွန်တော့်ကို

mgyoe.com

mgyoe.com

လွှတ်လိုက်ခြင်းဖြစ်သည်။ သူပါလိုက်ခဲ့မယ်လို့လည်း မမှာလိုက်။

"အေးလကွာ...မင့်အချစ်တုံးကြီးပေါ့"

"အန်တီမြတော့ မဟုတ်နိုင်ပါဘူး"

"ဟုတ်လိုက်တာမှ အစစ်"

"မင်းမှားလိမ့်မယ်"

"မမှားပါဘူး၊ မွန်းတည့်လောက်ကပဲ အဘိုးကြီးဆီ သံကြိုးရောက်လာတယ်၊ အခုအချိန် လမ်းမှာရှိနေလိမ့်မယ်"

ဘယ့်နှယ် အန်တီမြနဲ့ ကျွန်တော်နဲ့တွေ့ကြတုန်းက မနက်ခင်း၊ မွန်းတည့်လောက်လာမည်ဟု သံကြိုးရိုက်သည်။ သူ့ကိစ္စကို ကျွန်တော်တစ်ယောက်တည်းနှင့် စိတ်မချ၍ အားမရ၍ ဖြစ်ဟန်တူသည်။ ကျွန်တော်ကလည်း ဤအတွက်ကို လုံးဝလက်လျှော့လိုက်ပြီ၊ ခက်သည်။ သို့သော် မျက်နှာအမူအရာကတော့ မပေါ်စေဘဲ...

"အန်တီမြကလည်း ဘာလုပ်များပါလိမ့်ကွာ"

"မသိတော့လား၊ အေး...ဒီရောက်လာလို့ ငါ့ကိုများ ဟိုတုန်းကလိုပြောလား ဆိုလားလုပ်ရင်တော့ ပြန်တီးထည့်လိုက်မှာပဲကွ"

အန်တီသည် တင်အောင်လွင်လိုကောင်ကို တကယ် ချာတူးလန်လောက် သဘောထား၍ ကလူကျီစယ်ပြုတတ်သည်။ ပြုသမျှကို တင်အောင်လွင်က ခေါင်းငုံ့သာခံခဲ့ရသည်။ ယခုမှ ဒီကောင်က ပြောင်းလဲခြင်းနေတော့ ကျွန်တော်အံ့အားသင့်လျက်...

"ဟေ့ကောင်...မင်း ဘာဖြစ်နေလဲကွ"

"ဘာဖြစ်ရမလဲကွ"

"မင့်ပြောပုံဆိုပုံ လေသံပြောပါတယ်၊ အန်တီမြတောင် 'ပြန်တီးထည့်လိုက်မယ်'ဆိုတာမျိုး အရင်တုန်းက မင်းဒီလိုမဟုတ်ပါဘူး၊ အခုနလည်း မင်းကိုသံခဲကြီးကို ပြောလိုက်တာများ၊ ငါတောင် ဒီလိုမပြောရဲဘူး"

"အေး...ငါလည်း လွန်ခဲ့တဲ့တစ်ပတ်လောက်တုန်းက ဒီလိုမပြောရဲဘူး"

"ဒါဖြင့် မင်း ဒီခုနစ်ရက်အတွင်းမှာ ဘယ်လိုဖြစ်လာတာလဲ၊ လူရဲဆေးများ ဘိုးဘိုးအောင်ဆီက ရလိုက်သလား"

"ဟုတ်တယ်၊ ငါ့ဘိုးဘိုးအောင်ဟာ မင့်လူပေါ်ဦးပဲကွ"

"အား"

mgyoe.com

mgyoe.com

"ငါ့အဖြစ်အပျက်ကို မင်းပြောပြရဦးမယ်၊ မင်းနားထောင်ချင်သလား မသိဘူး"

"စိတ်ဝင်စားစွာပေါ့ကွာ…ဆို"

ကျွန်တော့်ကိုယ်ကို သက်သောင့်သက်သာဖြစ်အောင် ကုလားထိုင်တွင် ပြင်ထိုင်လိုက်ပါသည်။ သူသည် သူ့မျက်နှာကိုချွတ်၍ လက်ကိုင်ပဝါနှင့် ပွတ်တိုက်သည်။ ထို့နောက် ပြန်တပ်ပြီးမှ…

"ဒီလိုကွာ… ငါ့ယောက္ခမလောင်းကြီးက ငါ့ကို သူ့သမီးနဲ့ ကောင်းကောင်းသဘောမတူဘူးကွ၊ မတူတဲ့အကြောင်းက (၁)နုကို ကိုသံခဲကြီးနဲ့ ပေးစားချင်တယ်"

"ဘာ…ဒီ သူ့သမီး သေးသေးကွေးကွေးကလေးကို ဟိုကျွဲပေါက်ကြီးနဲ့"

"အေးကွ…ဒါပေမဲ့ နုက ငါ့ပဲချစ်တယ်၊ ငါကလွဲ အားလုံးဖွဲဆန်ကွဲချည်းပဲတဲ့"

"အေးပေါ့ကွာ…ဒီလိုအချိန်အခါ ဒီလိုပဲပြောကြတာပေါ့၊ အား… ဆောရီး"

ကျွန်တော် စကားပြောမှားသွားပါသည်။ တင်အောင်လွင်သည် ကျွန်တော့်ကို မျက်စောင်းတစ်ချက်ခဲလိုက်ပြီးမှ…

"ကိုသံခဲကြီးကလည်း နုကို ညီမလေးလိုကလွဲပြီး မချစ်နိုင်ဘူးတဲ့"

ဤနေရာ၌ ကျွန်တော်က အခုန စကားပြောမှားသွားသည်ကို ပြန်ကာမိအောင်…

"အောင်မယ်…သူလိုကောင်ကြီးကများ နုလို ချောတဲ့ လှတဲ့ မိန်းကလေးတစ်ယောက်ကို မချစ်နိုင်ရအောင် ဒါကြီးက နွားလား၊ ရဟန္တာတဲ့လား"

"မဟုတ်ဘူးကွ၊ သူက သူ့တစ်သက်မှာ အိမ်ထောင်မပြုဘူးတဲ့"

"အောင်မယ်…ဒါဖြင့် သူက လောကုတ္တရာသမားလား"

"ဒီလိုလည်း မဟုတ်နိုင်ဘူးကွ၊ ဘာကြောင့်လဲဆို အခုသူ ဒီအိမ်ရောက်နေတာက အိမ်မြှောင်အမြီးနှစ်ခွရှာရအောင်နဲ့ နောက်ဖေးတောအုပ်ထဲမှာ ဘုတ်ပစ်ရအောင်တဲ့ကွ"

"ဒါဖြင့် ဒီငတိကြီးဟာ ဆေးဝါးသမားနဲ့တူတယ်၊ ဦးဘဆက်ကြီးနဲ့ကော ဘယ်လိုပတ်သက်တာလဲ၊ ရန်ကုန်ထဲမှာလည်း သူတို့နှစ်ယောက်တွဲနေတာ တွေ့တာပဲ"

"ဒါက ဒီလိုကွ၊ အဘိုးကြီးက သူ့အဒေါ်မုဆိုးမတစ်ယောက်ကို

mgyoe.com

mgyoe.com


'ကြိတ်'မလို့"

"ဘာ...သူ့အဒေါ် မုဆိုးမကို (ကြိတ်)မလို့"

"မင်းကလည်း နားဝေးတဲ့အကောင်ကွာ၊ သူ့အဒေါ်နဲ့ အဘိုးကြီးက လက်ထပ်မလို့ကွာ"

သြော်...တည့်တည့်ဖွင့်ပြောမှ ကျွန်တော်တပ်အပ်သိကာ...

"အင်း...သေခါနီးပေမယ့် အားမလျှော့သေးဘဲကိုး"

"ဒါက သူ့ကိုယ်ရေးကိုယ်တာလကွာ၊ ဖွဲတစ်တင်းမက နိုင်သေးတာပဲ" ဆို၍ တင်အောင်လွင် ခေတ္တစကားပြတ်နေပြီးမှ "ငါ့လခွီးတဲ့...မင်းဝင်ဝင် မေးတာနဲ့ ငါပြောချင်တဲ့စကားတောင် ဘယ်ရောက်သွားပြီလဲ"

"မသိတော့လား"

ကျွန်တော့်ကို လက်ကာ၍...

"မင်းနှုတ်ပိတ်နေစမ်း၊ ငါ့ဟာဟာ ပြန်စဉ်းစားမယ်၊ အား...အင်း... သိပြီ၊ အဘိုးကြီးက ငါ့ကို သူ့သမီးနဲ့ ကောင်းကောင်းသဘောမတူတဲ့အကြောင်း၊ (၂)က ငါဟာ လူတောထဲ စကားမပြောဝံ့အောင် သတ္တိကြောင်တာတဲ့၊ ဒါတော့ မင်းသိတဲ့အတိုင်း၊ (၃)က ငါဟာ ဘာမဟုတ် ညာမဟုတ် ရေပိုး ရွှေမွှားတွေမွေးပြီး စိတ်ဝင်စားနေတာတဲ့"

"အင်း...အဘိုးကြီး ဒါသိသွားလို့လား"

"သိမှာပေါ့ကွ၊ ငါ့လေ့လာမှုက တစ်ရက်အပျက်ခံလို့ မဖြစ်တော့ ငါနဲ့အတူ ဒီအိမ်ကို တစ်ပါတည်းယူခဲ့ရတာကိုးကွ"

"ဟုတ်လား၊ မင်း ဘယ်နေရာမှာထားသလဲ"

"ငါ့အိပ်ခန်းထဲမှာပေါ့၊ ဒါတွေကို အဘိုးကြီးက လာကြည့်ပြီးတော့ 'မင့်အလုပ်က ဘာအသုံးဝင်သလဲ၊ ဘာအကျိုးအာနိသင်များ ခံစားရမလဲ'လို့ မေးတယ်ကွ၊ 'ငါ့စိတ်ထဲမှာ ပြောချင်တာတွေ အများကြီးပေါ့ကွာ၊ အခု ဗမာပြည်မှာ ငါးမွေးမြူရေးလေ့လာဖို့ နိုင်ငံခြားပါရဂူတွေတောင် ခေါ်နေရ တာတို့၊ ဒီ ရွှေငါး၊ ငွေငါးမျိုးတွေဟာ အလှထားရုံမက လူစားသုံးနိုင်အောင် ဖြစ်မြောက်မယ်ဆိုရင် ဘယ်လောက် အကျိုးရှိမယ်ဆိုတာတွေ မင်းကော သိသလား၊ ခု ဩစတြေးလျနဲ့ ပေါ်တူဂီကလာတဲ့' သူ့လက်ညှိုးနှင့်လက်မ ဝိုင်း၍ ဟော့ဒီလောက်လောက်ရှိတဲ့ ငါးသေတ္တာကလေးတွေဟာ ဂျပန် ငါးသေတ္တာကြီးတွေထက် ဈေးနှစ်ဆပေးရတာ၊ အဲဒါဟာ ရွှေငါး၊ ငွေငါးမျိုး တွေ လုပ်တာပေါ့ကွ"

mgyoe.com

mgyoe.com


"အင်း…မင်းပြောမှ ငါကြားတာပဲ၊ ပေါ်ဦးတော့ အဲဒီငါးသေတ္တာမျိုး အားကြီးစားတာပဲ"

"ဟာ…အဲဒါကြောင့် သူဉာဏ်ကောင်းတာ သိရဲ့လား၊ အဲဒီငါးမျိုးက နည်းနည်းနဲ့ လူ့အာဟာရဓာတ်ဖြစ်ပြီး ဦးနှောက်ကို အားပေးတယ်ကွ၊ ငါက အဲဒီအကြောင်းတွေ အဘိုးကြီးကို ကျကျနန ပြောပြချင်တယ်၊ ဒါပေမဲ့ အေးဆွေ၊ ငါ့ကို မင်းသိတဲ့အတိုင်း ရိုးရိုးလူချင်းတောင် ရေလည်အောင် မပြောတတ်တာ၊ ဒီယောက်ျမလောင်းလည်းဖြစ်ပြန်၊ အင်မတန် ပြောရဆိုရခက်တဲ့ တရားသူကြီးလည်း ဖြစ်ပြန်ဆိုတော့ မင်း စဉ်းစားကြည့်တော့ကွာ"

"အေး…ငါနားလည်ပါပြီ"

"ဒါနဲ့ ငါ့ပြဿနာမှာ လိုရင်းချုပ်လိုက်တော့ စကားပြောရဲဖို့ဆိုတာကို သိလာတယ်ကွ"

"မှန်တယ်…သူငယ်ချင်း"

"ဒီစကားပြောရဲဖို့ကိစ္စ ငါ့အတွက် ဘယ်လောက်လိုနေသလဲဆိုရင် နောက်တစ်ချက်ရှိသေးတယ်ကွ၊ ဘာလဲ…မင်းသိလား"

"ဘယ်သိမလဲကွာ"

"တခြားမဟုတ်ဘူး မောင်ရေ့၊ ကိုသံခဲကြီးက နုကို သူလက်မထပ် နိုင်သော်လည်း နုကို သူအင်မတန်ချစ်သတဲ့၊ ဒါကြောင့် နုရဲ့ ပျော်ရွှင်မှုအတွက် သူတစ်သက်လုံးစောင့်ရှောက်နေမတဲ့၊ အဲဒါ ငါကများ နုကို စိတ်ညစ်အောင်၊ စိတ်ဆင်းရဲအောင် တစ်ချက်ကလေးပြုတာများတွေ့ရင် သူက ငါ့လည်ကုပ် ချိုးသတ်မတဲ့၊ သူ့ဗလကြီးနဲ့ ကြောက်စရာ၊ ငါ့ကို မကြာခဏ ခြိမ်းခြောက် တယ်ကွ"

"ဟုတ်လား…ငါသာဆို မင့်ကောင်မမျိုး မယူတော့ဘူးဟေ့၊ ပြေးပြီ… ဘယ့်နှယ် ကျီးလန့်စာစားမျိုး စားနေရမယ့်ကိစ္စမျိုးပဲ"

"အချစ်စစ်နဲ့ အမြစ်တွယ်တော့လည်း ဘယ်ဒီလိုဟုတ်ဦးမလဲကွာ၊ ငါ့စိတ်ထဲမှာ သူ့ကိုပြောချင်တာတွေ အများကြီးရှိတယ်၊ ဘာတွေလဲဆိုရင် လူ့လောကအိမ်ထောင်ရေးပဲ၊ အချိန်အခါ အခြေအနေအလျောက် ဘယ် တစ်သမတ်တည်း ပျော်ရွှင်စရာချည်း ဘယ်ဖြစ်နိုင်မလဲ၊ မနှစ်မြို့စရာ အချက် အလက်လည်း တွေ့ရဦးမှာပေါ့၊ လောကဓံဆိုတာ အကောင်းအဆိုး ဒွန်တွဲ နေတာပဲ၊ ဘုရားဟောကို ဘယ်သူလွန်ဆန်နိုင်မှာလဲဆိုတာတွေ အာဋ္ဌာဝက

mgyoe.com

တရားချသလို ငါက ပြလိုက်ချင်တယ်ကွ၊ ဒါပေမဲ့ ငါ့မှာက စကားပြောဝံ့တဲ့ သတ္တိကမရှိ"

"မှန်၏"

"အဲဒီတော့ နောက်ဆုံး အတိုချုပ်ပြောရရင်ကွာ ငါ့ဘဝတာမှာ စကားပြောဝံ့တဲ့သတ္တိရှိမှ ဖြစ်တော့မယ်ဆိုတာ သန္နိဋ္ဌာန်ချလိုက်ပြီးတော့ အဲဒီ သတ္တိကိုရအောင် နည်းလမ်းကိုရှာတယ်၊ ဘယ်သူ့ဆီမှား အကြံဉာဏ်တောင်းရ မလဲလို့ စဉ်းစားတယ်၊ နောက်ဆုံးမှာတော့ ငါ့ခေါင်းထဲ အသိဉာဏ် လက်ခနဲ ပေါ်လာတာက မင့်လူပေါ်ဦးပဲ"

"အင်း...ငါ့တပည့် ပေါ်ဦးကတော့ ငှက်တစ်သောင်းမိုခိုရတဲ့ ညောင် ပင်ကြီးပေါ့ကွာ"

ကျွန်တော်က အသားယူလိုက်သည်။

"သူ့ဦးနှောက်ဟာ မဟာသမုဒ္ဒရာရေလှိုင်းလို မကုန်ပေဘူး"

"ဆိုလောက်ပါတယ်၊ ဒါနဲ့ လွန်ခဲ့တဲ့တစ်ပတ်က ငါ သူ့ဆီသွားပြီး အကြံဉာဏ်တောင်းတယ်၊ တောင်းရတာတောင် မရဲတရဲဘဲကွ၊ ငါ့ပြဿနာကို တင်ပြပြီးတော့ စကားခံရသေးတယ်၊ 'ပေါ်ဦးရေ...ဒါကတော့ အင်မတန် ခဲယဉ်းတဲ့ ကိစ္စကြီးပဲကွာ၊ သည့်ပြင်လူတွေပြောတော့ဖြင့် လေ့ကျင့်ရမယ်၊ လေ့ကျင့်ရမယ်ချည်း ပြောကြတယ်၊ ငါ့မှာက အခုလက်ငင်း ရင်ဆိုင်နေရတဲ့ ပြဿနာ ချက်ချင်းဖြစ်မြောက်မှ ကိစ္စအောင်မြင်မှာမို့ ငါ့မှာ မင်းကလွဲပြီး အားကိုးစရာ မရှိတော့ဘူး'ဆိုတော့ သူက ဟော့...စဉ်းစားချိန်တောင်မယူဘူး၊ တစ်မုဟုတ်ချင်းမှာပဲ နည်းလမ်းပေးလိုက်တယ်ကွ...

"ငါ့မှာ ကိုယ့်စိတ်ကူးနဲ့ကိုယ် အာရုံစိုက်နေတတ်ပြီး လူအများနဲ့ ဆက်ဆံမှုနည်းခဲ့တော့ လူအုပ်လူစုထဲမှာ တစ်စုံတစ်ခုပြုဖို့ ကြောက်ရွံ့နေမတဲ့၊ အဲဒီကြောက်ရွံ့တဲ့အကြောင်းက လူလူချင်းကို မလေ့လာမိခြင်း၊ မသုံးသပ် မိခြင်း၊ ကိုယ့်ကိုယ်ကိုယ် အထင်သေးခြင်း၊ ဒီ့ပြင်လူကို အထင်ကြီးမိခြင်းဆိုတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်သတဲ့၊ ဒါကြောင့် အဲဒါတွေ ပပျောက်အောင် လူလူချင်းကို လေ့လာရမယ်၊ မိမိကိုယ် မိမိယုံကြည်မှုရအောင် ကိုယ်တော်တဲ့၊ တတ်တဲ့၊ စွမ်းတဲ့ အချက်တွေတွေးပြီး စိတ်မြှင့်ရမယ်၊ ဒီ့ပြင်လူတွေကို သူတို့ရဲ့ ချွတ်ယွင်းချက်၊ ညံ့ဖျင်းမှုတွေ စိစစ်ရှာဖွေပြီး အနုလုံ ပဋိလုံသုံးသပ် ရမယ်၊ ဘယ်သူ့မှာမဆို အဲဒါတွေက ရှာရင်တွေ့တာပဲတဲ့၊ ဟုတ်တယ်မောင်ရေ့၊ ငါ

mgyoe.com

mgyoe.com


သူပြောတာ သဘောပေါက်ပြီး သူညွှန်ပြတဲ့အတိုင်း လုပ်လိုက်တယ်၊ တစ်ခါတည်းအောင်မြင်တာပဲ"

ကျွန်တော်က သူ့အတွက် ဝမ်းသာမိလျက်...

"ဟုတ်ရဲ့လား"

"မင်း မီးရထားဟိုတယ်မှာတုန်းက ငါထပြီ 'စပိ(ချ်)'ပေးတာများ သတိမထားမိဘူးလား၊ ငါ ဟိုတုန်းကများ ဘယ်ဒီလိုလုပ်ဝံ့ခဲ့လို့တုံးကွ"

"အေး...ဟုတ်တယ် ဟုတ်တယ်"ပြောရင်း ကျွန်တော့်မှာ သူ့အား ဆေါ်ဦးက ညွှန်ကြားချက်များကို ရုတ်တရက် သတိရ၍ "ဟ...နေပါဦး၊ မင်းဟာက ဒါဖြင့် ငါတို့ ချွတ်ယွင်းချက်နဲ့ ညံ့ဖျင်းမှုတွေကို လေ့လာသုံးသပ် တယ်ပေါ့"

သူက ခပ်ပြောင်ပြောင်...

"အေးပေါ့ကွ"

ကျွန်တော့်မှာ ယခုမှ ကိုယ့်ကိုယ်ကိုယ် စိတ်မလုံဖြစ်ကာ...

"ငါ့လခွီး...မင်း ပေါင်းရသင်းရကောင်းတဲ့ကောင် ဟုတ်တော့ပါဘူး၊ မင်း ငါတို့ကို ဘာပြစ်ချက်တွေမြင်သလဲ"

"တစ်ယောက်တစ်မျိုးစီ အများကြီးပေါ့ကွာ"

"ကိုမင်းစိန်ရော၊ ကိုဌေးကြွယ်ရော၊ ကိုစိန်ဝင်းကြီးရော၊ ကိုမောင်မောင် ရော..."

"အားလုံးပေါ့ကွ၊ လူမှန် ချွတ်ယွင်းချက်ကင်းတဲ့သူ ဘယ်ရှိမလဲ၊ ရှာကြည့်ရင် တွေ့တာချည့်ပေါ့"

"မင်း ဒါတွေသိတာနဲ့ ပြောရဲတဲ့သတ္တိရှိလာရော"

"အေးပေါ့ကွာ၊ မင်းတို့ ရော်တဲ့ ညံ့တဲ့အချက်တွေ ငါစိတ်သွင်းထား လိုက်တော့ မင်းတို့ကို အထင်သေးနေရော၊ အထင်သေးနေတော့ မလေးစား ဘူး၊ မလေးစားတော့ ပမာမခန့် ကိုယ်ပြောချင်တာ ပြောနိုင်တော့တာပေါ့ကွ"

■

mgyoe.com

mgyoe.com


# အခန်း (၄)

## (က)

ကျွန်တော်နားလည်ပါပြီ။ တစ်ကြိမ်သောအခါက ကျွန်တော်အထင်ကြီး၍ အင်မတန် ရိုသေလေးစားနေရသော လူကြီးတစ်ယောက်အား တစ်ညသဥ္ဇ သူ့အရက်မူးပြီး လူကြီးလူကောင်းနှင့်မတူသော အမူအကျင့်များ ပြုနေသည်ကို တွေ့ပြီးသည်၏နောက်၌ ကျွန်တော် သူ့ကို မခန့်လေးစားပင် ပြုမိပြောမိတော့လေသည်။

"ဟုတ်ပြီ...ငါသဘောပေါက်ပြီ၊ မင်း အခု မင်းယောက္ခမလောင်းကြီးနဲ့ ကိုသံခဲကြီးကိုလည်း ချွတ်ယွင်းညံ့ဖျင်းချက်တွေ ရှာတွေ့ထားပြီးပေါ့"

"ပေါ်ဦးဆိက အကြံရပြီးကတည်းက နေ့စဥ် သတိထားကြည့်နေတာပဲကွ၊ တွေ့လိုက်တာမှ အများကြီးပဲ၊ မှတ်စုစာအုပ်တစ်ခုနဲ့ကို ရေးမှတ်ထားရတယ်"

"ဘာ...မှတ်စုစာအုပ်နဲ့ကို ရေးမှတ်ထားတယ်"

"အေး...အနံ ၂ လက်မ၊ အလျား ၃ လက်မရှိတဲ့ ဒိုင်ယာရီစာအုပ်ကလေးနဲ့ကို တစ်ဝက်ကျော်ရော"

"အား...ငါ့ အဲဒီစာအုပ်ကလေး ပေးကြည့်စမ်းကွာ၊ ငါလည်း သူတို့ကို ကြောက်နေလို့ကွ၊ မင်းဆီမှာ အခုရှိလား"

"ရှိတာပေါ့ကွာ၊ ငါ့ ဟောဒီအပေါ် အင်္ကျီအိတ်ထဲမှာ အမြဲထည့်ထားတယ်"

"မင်း နေ့ခင်းကြီး အပေါ်အင်္ကျီနဲ့ဘာနဲ့ ဘယ်ကပြန်လာတာလဲ"

mgyoe.com

mgyoe.com


"ဩော်...မင့်မပြောရသေးဘူး၊ ငါတို့မိတ်ဆွေ မြို့ပိုင် ကိုခင်ဦးလေ၊ အခု ပဲခူးကနေ အင်းစိန်ပြောင်းရတာ ဖဲယားဝဲလ်ပါတီလုပ်လို့ကွ၊ သွားနှုတ်ဆက်တာ"

"ဟုတ်လား...ဖိုးခင်ဦး အင်းစိန်မှာဆို ကိုယ်နဲ့ နီးပြန်တာပေါ့၊ သူတို့ဘယ်တော့သွားမလဲ"

"နက်ဖြန်မနက် ဟ...ဟ...ဟ...ဟ"

တင်အောင်လွင်မှာ ပြောရင်းဆိုရင်း သူ့အိတ်တွေထဲလျှောက်နှိုက်ရင်းမှ ထိုင်ရာမှထ၍ အမဲခြောက်ဖုတ်က က,သလို ဖြစ်နေသဖြင့်...

"ဟကောင် ဘာဖြစ်တာလဲ"

"စာ...စာ...စာအုပ်ကလေး မတွေ့တော့ဘူးကွ"

"ဟေ..."

"တစ်နေရာမှာ ကျခဲ့ပြီကွ"

အဟိုး...ဟို ဟိုးရှေးနှစ်ပေါင်းများစွာက မစ္စတာ အယူတော်မင်္ဂလာ စတင်တီထွင်ခဲ့သော "အရေးအကောင်း ဒိန်းဒေါင်းဖျက်"ဆိုသော စကားသည် ကာလရှည်စွာတည်နေခဲ့ပြီးနောက် ယခု ကျွန်တော်နှင့်တင်အောင်လွင်၏ ကိစ္စပေါ်သို့ ကျရောက်လေပြီ။ ဘယ့်နှယ့်လဲ...ဒီစာအုပ် ကျွန်တော်လိုချင်တယ် ဆိုမှ ရှာမတွေ့ဖြစ်ရသည်။

"မင်းဟာ အထားများမှားလား၊ စဉ်းစားပါဦး"

"မမှားဘူးကွ၊ ငါ ဟောဒီ အပေါ်အင်္ကျီ၊ ဟောဒီ အပေါ်ဆုံးအိတ်ကလေးထဲကလွဲပြီး ဘယ်မှာမှမထားဘူး၊ တစ်နေရာရာမှာ ပျောက်ကျတာ အမှန်ပဲ၊ သို့သော် ကိစ္စမရှိဘူး၊ ငါရေးတာတွေ ငါမှတ်မိတယ်"

"ဟုတ်လား...မင်း ဘာတွေရေးထားသလဲ"

"သူတို့ စားတာ၊ နေတာ၊ အိပ်တာကအစ ငါ နေ့ရောညပါ လေ့လာပြီး ချို့ယွင်းချက် တွေ့သမျှအားလုံး အနိဋ္ဌာရုံတွေ စုမှတ်ထားတာပဲ"

"ဒါဖြင့် ငါ့ပြောပြစမ်းကွာ"

သူသည် ခေတ္တစဉ်းစားလိုက်ပြီး...

"မင်း ငါ့ယောက္ခမလောင်းကြီး ထမင်းစားတာ မြင်ဖူးသလား"

"ဘယ်မြင်ဖူးမလဲကွ၊ သူနဲ့ငါ ထမင်းအတူတူမှ မစားဘူးသေးတာပဲ"

"ငါ့ စာအုပ်ထဲမှာ သူထမင်းစားပုံ ရေးထားတာက 'တရားသူကြီး

mgyoe.com

mgyoe.com

မောင်ဘဆက်စားသောက်ပုံက အင်မတန် ရှုံစရာကောင်း၊ ပါးစပ်က ပြတ်ပြတ် မည်လျက်၊ နှုတ်ခမ်း ပါးနားတွင် ထမင်းလုံးစနှင့်၊ ဟင်းစ ကျွေးစများ၊ သွားရည်တများများနှင့် စီးကျလိမ်းကျံနေလေသည်။

ကျွန်တော်ကဖြတ်၍...

"ဟ...သူစားတာ ဒီလိုပဲလား"

"ဒီလောက်တော့ မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ သူ့ကို အထင်အမြင်သေးစရာဖြစ်အောင် ကိုယ့်ဟာကို အားပေးတဲ့သဘောနဲ့ အကျယ်ချဲ့ထားရတာပေါ့၊ မင်းနားလည်လား"

"အင်း..."

"နို့ပြီး...ကိုသံခဲကြီး ထမင်းစားတာကလည်း ဒီငတိကြီးက အကောင်း ကြိုက်တယ်ကွ၊ ဥပမာ–ကြက်သားဟင်းဆိုပါတော့ကွာ၊ ဒီဟင်းခွက်ထဲမှာ အသည်းအမြစ်တုံးတို့၊ အဆီဘူးတုံးတို့ကို အမြဲတမ်း ချောင်းနေတယ်ကွ၊ မြင်တယ်ဆိုရင် သူများအရင်ဦးအောင် သုတ်တာပဲ၊ အဲဒါကို ငါက 'ပြိတ္တာကြီး နှင့်တူသော ကြီးမားသောကိုယ်ခန္ဓာရှိသော မောင်သံခဲကြီးသည် ဘီလူးတိုင်း ပြည်က လာဟန်ရှိသည်၊ အမဲသား၊ ငါး အလွန်ကြိုက်သည်၊ ဖုတ်တစ္ဆေကဲ့သို့ စားချင်ရမ္မက်ကြီးသည်၊ ဟင်းကောင်းစားရာ၌သူများ အတွက်ကို သူဂရုမထား တတ်ချေ၊ လူယုတ်မာပေတည်း' ဘယ့်နှယ်...ငါရေး ထားပုံ မကောင်းဘူးလား"

"ကောင်းတယ်ကွ"

ကျွန်တော်က ထောက်ခံလိုက်ရသည်။

"နောက်ပြီး အဲဒီကောင်ကြီးမှာ အမှန်ဆိုးတာ တစ်ခုရှိသေးတယ်ကွ၊ လူရှေ့မရှောင် သူ့ဖင်နဲ့ပေါင်ကြား ခွကြားတွေ ကုတ်တတ်တာပဲကွ၊ အဲ... လူလစ်တယ်များထင်ရင်တော့လား၊ ကျောကိုကုန်း ပေါင်ခွဲကိုကော့ပြီး စုံကုတ် တာပဲဟေ့"

"စက်ဆုပ်စရာပဲ၊ မင်း အဲဒါလည်း ရေးထားတာပဲလား"

"ဟာ...ရေးလိုက်တာမှ မကြာခင် ဒီကောင်ကြီး နူတော့မယ့်အခြေ ရောက်လောက်အောင်ပေါ့၊ နို့ပြီး ဦးဘဆက်ကြီးအိပ်တဲ့အခါမှ ဗိုက်ကြီးဖောင်း ဖောင်း၊ ပါးစပ်ကြီးဟောင်းလောင်းမှာ အာပုပ်ရည်တွေတရွဲရွဲနဲ့ ဟောက်လိုက် တာကလည်း ဟိန်းနေတာပဲကွ၊ သူ့အခန်းထဲ ဒို့ပြင်လူရှိရင် ဘယ်နည်းနဲ့မှ အိပ်နိုင်မှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com

"မင်း အဲဒါကော ဘယ်လိုများ လက်သံပြောင်ထားသေးလဲ"

"ဟာ...ပြောင်ပြီလား၊ နှစ်ကဏ္ဍတောင် ခွဲထားလိုက်သေး၊ (၁) မောင်ဘဆက်ကြီး အတ္တသော အိပ်မောကျနေပုံကို မြင်အံ့၊ ခွေးတို့သည် လန့်၍ အရပ်ပျက်လတ္တံ့၊ သူတော်စင်များဆိုခဲ့လျှင် အတ္တကို စက်ဆုပ်၍ တောထွက်အံ့။ (၂) ၎င်းသတ္တဝါကြီး ဟောက်သည်မှာ လူတစ်ယောက်သေ လောက်သည်ဖြစ်၍ ယခု မောင်ဘဆက်ကြီးက မောင်သံခဲကြီးအပေါ်ကို မေတ္တာရှိ၍ လက်ထပ်သည်မှာ ၎င်းမုဆိုးမကြီးအား ညအိပ်စဉ် သူဟောက် သတ်မည်ဟုသာ အဓိပ္ပာယ်ရှိလေသည်။ မောင်ဘဆက်ကြီး အိပ်ပျော်စဉ် ဟောက်ပုံကား ကေသရာဇာခြင်္သေ့နာကြီး အစာငတ်နေခြင်းပေတည်း"

ကျွန်တော်သည် သူ့စကားတွေနားထောင်နေရာမှ တွေလာမိ၍...

"ဟီ...ဟီ...အဲဒါတွေများ ဦးဘဆက်ကြီးနဲ့ ကိုသံခဲကြီးသိရင်..."

သူမျက်လုံးကိုဖြဲ၍...

"ဟာ...ဘယ့်နှယ်လုပ် သိနိုင်မှာလဲဟ"

"သူတို့ စာဖတ်တတ်မှာပေါ့"

"ဖတ်တတ်ကော ငါ့စာအုပ်က ပျောက်နေတာပဲ"

"အေး...ပျောက်နေတာကို သူတို့တွေ့သွားရင်ပြောတာ"

"ဟိုက်"

ယင်း၌ကား ငနဲမှာ အိပ်ပျော်နေသောမြင်းကို ကျာပွတ်နှင့် ရိုက်နှိုး ခြင်းကို ခံလိုက်ရသလို ရုတ်တရက် ပြူးပြူးပျာပျာဖြစ်ကာ...

"ဟုတ်တယ်...ဟုတ်တယ်...အေးဆွေ၊ ငါ့ယောက္ခမလောင်းကြီးက အဲဒါတွေ့သွားရင် ငါ ဘယ့်နှယ့်လုပ်မယ်ထင်သလဲ"

"ဒါလောက်တောင် သူ့အကြောင်း မင်းက မကောင်းနှံ့ထားတာ၊ မင့်လိုကောင်ကို သူ့အိမ်မှာ သမက်လောင်းအဖြစ်နဲ့ မပြောစေနဲ့၊ အစေခံအလုပ် ကိုတောင် ချက်ချင်းဖြုတ်ပစ်လိုက်မှာပေါ့ကွ"

"အေး...ဟုတ်တယ်၊ ငါပြေးရပေါက်ပဲ"

"သို့သော် မပူနဲ့၊ မင်းပြေးရမှာတော့ မဟုတ်ပါဘူး"

"ဘာမို့လဲ၊ မင်းက ပြန်ဖြေပေးနိုင်မှာမို့လား"

"မဟုတ်ပါဘူး၊ ကိုသံခဲကြီးက မင်း တစ်လှမ်းမှမလှမ်းရခင် မင့် လည်ကုပ် ချိုးသတ်လိုက်မှာပေါ့ကွ"

mgyoe.com

ဤတွင် ငတိမှာ သေငယ်ဇောနှင့် မိန်းမောသွားရာမှ ငရဲခန်းတွေ့ပြီး ပြန်သတိရလာသကဲ့သို့ ကြက်သီးမွေးညင်း ဖျဉ်းဖျဉ်းထလျက်...

"အမယ်လေးလေး...ဟုတ်တယ်အေးဆွေ၊ အဲဒါ ငါ ဘယ့်နှယ့်လုပ်ရမလဲ"

"မသိတော့လားကွ"

"အကြံဉာဏ် မပေးနိုင်တော့ဘူးလား"

"သာမန်ဦးနှောက် မတတ်နိုင်ဘူး"

"ဒါဖြင့် ပေါ်ဦးကို တိုင်ပင်ရမကောင်းဘူးလားကွာ"

"ဒီစာအုပ် သူတို့လက်ထဲမရောက်မီ မင့်ဟာမင်း ပြန်တွေ့နိုင်ရင် ဒီကိစ္စ ပေါ်ဦးဆီ ရောက်စရာမလိုပါဘူး"

"အေး...ဟုတ်တယ်၊ ပြန်ရဖို့လိုတယ်"

"မင်းက ဒီလောက်အရေးကြီးတဲ့စာအုပ်ကို လုံခြုံတဲ့နေရာမှာ သိမ်းမထားဘဲ ဘာကြောင့် အင်္ကျီအိတ်ထဲ လွယ်လွယ်ကူကူ ထည့်ထားရတာလဲကွ"

"ငါက သူတို့စကားပြောဖို့ ရဲသွေးဝင်အောင် မကြာမကြာလည်း ပြန်သတိရတယ်ကွ၊ နို့ပြီး သူတို့ချွတ်ယွင်းချက်တစ်ခုတွေ့ရင်လည်း ချက်ချင်း ကောက်ရေးရတယ်ကွ၊ အဲဒီစာအုပ်အနောင့်မှာ ခဲတံကလေးလည်း စွပ်ရက်သား အသင့်ပါတယ်"

"နို့...မင့်နာမည်ကော ရေးထားလား"

"ဟာ...အင်္ဂလိပ်လိုရော၊ ဗမာလိုရော ပထမဦးဆုံးမျက်နှာမှာ..."

"အင်း...သေချာပါတယ်ကွာ"

"ဘာသေချာတာလဲ"

"ဒီစာအုပ် သူတို့တွေ့သွားရင် မင်းကိစ္စချောဖို့"

"အေးဆွေ၊ မင်း ငါ့မခြောက်ပါနဲ့ကွာ၊ အလိုလိုမှ ငါကြောက်နေရတဲ့ အထဲ"

"ခြောက်တာမဟုတ်ဘူး၊ အမှန်အတိုင်းပြောနေတာဟ၊ မင်းစာအုပ် မင်းပြန်ရဖို့သာ ဘယ်နေရာမှာ ကျမလည်း ပြန်စဉ်းစား"

သူသည် နားသယ်နှစ်ဖက်ကို လက်ခလယ်၊ လက်မတို့နှင့် ဖျစ်ညှစ်ကာ မျက်မှောင်ကုတ်လျက် အတော်ကြာ ဆိတ်ငြိမ်နေပြီးမှ...

"အင်း...အစလေးတော့ရပြီ၊ ငါ့စာအုပ်ကို နောက်ဆုံးအသုံးချခဲ့တာက

mgyoe.com

ဟိုတစ်နေ့မနက်က နသူငယ်ချင်း ကြွယ်ကြွယ်ဆိုတဲ့ ကျောင်းဆရာမလေး လာလည်တုန်းက အဘိုးကြီးက အဲဒီကောင်မလေးရင်ဘတ်ကို တဏှာမျက်စိနဲ့ အလစ်ခိုးကြည့်နေတာ၊ ငါမိလို့ ချက်ချင်းစာအုပ်ထုတ်ပြီး မှတ်တမ်းတင်လိုက်တယ်၊ အဲ...အဲ...နေဦး ပြီးတော့ အင်း...အင်း...အဲဒီနေ့ပဲ ဘော်ဘီစိန်မျက်စိထဲ ပိုးကောင်ဝင်တာကို ငါထုတ်ပေးတာ၊ အား...အား...ဟေး...အေးဆွေ"

သူသည် အသံကျယ်စွာနှင့် ကျွန်တော့်ပေါင်ကို ပုတ်လိုက်သဖြင့်...

"ဟ...ဘာတုန်းဟ"

"ငါ...ငါ...ငါ...သတိရပြီ၊ မင်းမျက်စိထဲ ပိုးကောင်ဝင်တဲ့အခါ ဘာဘာနဲ့ ပွတ်ထုတ်ပေးမလဲ"

"ငါ ဘယ်သိမလဲဟ"

"လက်ကိုင်ပဝါ သန့်သန့်နဲ့ပေါ့ကွ"

"အင်း...ထားပါတော့"

"အဲဒါ သဲလွန်စပဲကွ၊ အင်း...အဲဒီအချိန်မှာ ငါ့အိတ်ထဲ လက်ကိုင်ပဝါသန့်သန့်ရှိတာက ဟော...ဟော...ဟောဒီအပေါ်အင်္ကျီ အပေါ်ဆုံးအိတ်ကလေးထဲမှာ အလှထည့်ထားတဲ့ ပိုးလက်ကိုင်ပဝါကလေးပဲကွ၊ ဟီ...ဟီ... ကိစ္စကတော့ တဖြည်းဖြည်းရှင်းလာပြီ၊ မင်းစဉ်းစားစမ်း"

သူ့ကိုယ်သူ ဦးစံရှားဟန်မျိုးဖမ်းပြီး ကျွန်တော့်ကို ကိုသိန်းမောင်လုပ်၍ မေးခွန်းများထုတ်နေသေးသည်။ ကျွန်တော်ကလည်း သူ့ကို ဦးနံပြားလောက် သဘောထား၍...

"အို...မင်းဟာမင်း စဉ်းစားပါလားကွ"

"ငါကတော့ ဘာအထူးစဉ်းစားလိုတော့လဲ၊ မင်း ငါပြောခဲ့ပြီကော၊ ဒီစာအုပ်ကလေးကိုလည်း အဲဒီအိတ်ထဲမှာပဲ ထားတယ်လို့၊ ဒီတော့ အဲဒီလက်ကိုင်ပဝါကလေးကို ထုတ်လိုက်တဲ့အခါမှာ အဲဒီစာအုပ်ကလေးပါရောပါပြီး အောက်ကိုကျသွားတယ်၊ ဒါပဲ"

"နို့...မင်းကျတဲ့နေရာကော မှတ်မိလား"

"မှတ်မိတာပေါ့ကွ၊ ဘော်ဘီကို ငါပိုးကောင်ထုတ်ပေးတာက ဟော့ဟိုပန်းခြံထောင့်မှာပဲ၊ ကဲ...ငါသွားရှာချေမယ်"

မကြာမီ၌ ခေါင်းငိုက်စိုက်နှင့်ပြန်လာပြီး...

"မတွေ့ခဲ့ဘူးကွ"

mgyoe.com

mgyoe.com

"တွေ့ပါ့မလား၊ ဒီအတွင်း တစ်စုံတစ်ယောက် ကောက်ရသွားမှာပေါ့၊ အဘိုးကြီးနဲ့ ကိုသံခဲတို့မဖြစ်ဖို့ဘဲ ရွှေမော်ဓောဘုရားမှာ ရွှေကိုယ်လေးလှူပြီး ဆုတောင်းပေတော့"

"နေဦးကွ...ငါထပ်ပြီးစဉ်းစားမိလာပြန်ပြီ၊ ငါ ပိုးကောင်ကိုထုတ်ရလို့ ဘော်ဘီကိုပြနေတုန်းမှာ ခပ်လှမ်းလှမ်းက နုရယ် တို့ကိုကြည့်နေတာမြင်တာနဲ့ ငါ သူ့ဆီကို ကပျာကယာအသွားမှာ ဘော်ဘီက 'ဒီမှာနေဦးကိုလွင်'ဆိုတာ ကြားလို့ ပြန်လှည့်ကြည့်လိုက်တော့ သူတစ်စုံတစ်ခုကို မြေကြီးပေါ်က ကုန်း ကောက်နေတာ မြင်ရတယ်ကွ၊ ဒါပေမဲ့ နုက ငါတို့ကို အထင်မှားပြီး သုတ်သုတ် သုတ်သုတ်နဲ့သွားနေတော့ ငါ ဘော်ဘီဆီ ပြန်မလာနိုင်တော့ဘူး၊ အဲဒီဘော်ဘီ ကုန်းကောက်နေတာဟာ ဤစာအုပ်၊ ထိုစာအုပ်၊ ၎င်းစာအုပ်ပဲ ဖြစ်ရမယ်ဟေ့၊ အခုမှပဲ စိတ်အေးသွားတော့တယ်"

"မင်း ဒီစာအုပ် ဘော်ဘီဆီမှာ ရှိမယ်ထင်သလား"

"ရှိရမှာပေါ့ကွ၊ ငါ့ပစ္စည်းမှန်းသိနေတာ သူသိမ်းထားမှာပေါ့၊ မင်း ဘော်ဘီကိုတွေ့တဲ့အခါမှာ မေးစမ်းပြီး တောင်းယူပါကွာ"

"အေး...ဒါနဲ့ ဒီကောင်မလေးက ဘယ်မှာလဲ"

"ထမင်းစားပြီးစကပဲ သူ့ခွေးလေးနဲ့ အပြင်ထွက်သွားတယ်ကွ၊ ခဏ လောက်ကြာရင် ပြန်ရောက်တတ်ပါတယ်၊ မင်း အပြင်ထွက်ရင် အိမ်ရှေ့ ဝင်းက သွားစောင့်နေပါလားကွ"

"အကောင်းသားပဲ"

"ဒါပေမဲ့ သတိထားမောင်၊ သူ့ခွေးကလေးက လူစိမ်းဆိုရင် ကိုက်ချင် ကိုက်တတ်တယ်ကွ"

( ၁ )

ကျွန်တော်သည် နန္ဒမာလာဂေဟာကြီး၏ ဂိတ်ဝဝင်းမကြီးကိုမှီကာ စီးကရက်တစ်လိပ်ကိုသောက်နေစဉ် မကြာမီ၌ အတော်ပင်အကွက်ဆန်းသော တစ်ခန်းရပ်ပြဇာတ်ကလေးကို ကြည့်ရလေသည်။

နောက်ခံပန်းချီကားမှာ ပဲခူးမြို့၏ ဆောင်းဥတု ညနေခင်း လေညင်း လေးစိမ့်စိမ့် နေခြည်ဖျော့ဖျော့။

mgyoe.com

mgyoe.com


ပထမတွင် ပေတရာလမ်းမကြီးမြောက်ဘက်ဆီမှ အသက်(၅၀)ကျော်ခန့် ရှေးအင်္ဂလိပ်လက်ထပ်ကပင်စ၍ အမှုထမ်းခဲ့ပုံရှိသော 'အိုးလ်ဆားဗစ်'ပုလိပ်ဟောင်းဝဝကြီးတစ်ယောက်သည် ဤညနေတွင် သူ့အလုပ်ဝင်မှ တာဝန်ပြီးခဲ့သဖြင့် ရွှင်ပျကြည်လင်စွာနှင့် လေကလေးတရွှီရွှီကာ ဘိုင်စကယ်ကိုလက်လွှတ်စီးလာသည်။

ဒုတိယမှာ သူ့နောက်က ခွေးနက်စုတ်ဖွားကလေးတစ်ကောင် သံကြိုးတန်းလန်းနှင့် ပြေးလိုက်လာပြီး မီးလျှင် ဝုတ်ခနဲမြည်ကာ သူ့ခြေထောက်ကိုလှမ်းဆွဲလိုက်သည်။ ပုလိပ်အိုသည် ရုတ်တရက်လန့်၍ နံဘေးသို့ တိမ်းရှောင်လိုက်ခြင်းဖြင့် ခွေးသွားနှင့် သူ့အသားတော့ လွတ်သွားပါ၏။ သို့သော် အမှုမဲ့လက်လွှတ်စီးလာသည်ဖြစ်သောကြောင့် ဆိုင်ကယ်ရောလူပါ နံဘေးမှတာမြောင်းထဲသို့ တစောင်းကြီးထိုးကျသွားလေသည်။

တတိယကား ဘောင်းဘီရှည်၊ စပို့ရှပ်နှင့် လမ်းသရဲမလေးလိုဝတ်ထားသော ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်နှင့် လုံးကျစ်ကျစ်၊ တစ်တစ်ရစ်ရစ်၊ အသက်ဆယ့်ရှစ်နှစ်ခန့် မိန်းမချောကလေးတစ်ယောက်ရောက်လာကာ ဒုက္ခတွေ့နေသော ပုလိပ်အိုကြီးအား မြောင်းနှုတ်ခမ်းပေါ်မှ ဟောင်ဟိန်းနေသော ခွေးနက်ကလေးကို 'ဘာသိုလိုမြူ'ဟု အော်ပြီး သံကြိုးစမှကောက်ဆွဲလိုက်လေသည်။

ကျွန်တော်တွေ့လိုနေသော ဘော်ဘီစိန်ပေတည်း။ သို့သော် ကျွန်တော်သူ့ကို အသံမပြုသေးဘဲ အသာကြည့်နေလိုက်၏။

ဘော်ဘီစိန်သည် မြောင်းထဲမှ လူထ၍ စက်ဘီးကိုထူသော ပုလိပ်ကြီးကိုကြည့်ကာ ခါးတစ်ဖက်ထောက်လျက်...

"ရှင်...ကျွန်မခွေးကို သူ့စိတ် မချုပ်တည်းနိုင်လောက်အောင်ဖြစ်အောင်ဘယ်လိုများ လုပ်လိုက်တာလဲဟင်"

အသံမာလှပေသည်။ သူ့ရုပ်ဆင်းသဏ္ဍာန်နှင့် သူ့ဟန်နှင့် ခုကာလပုလိပ်ပေါက်စလေးဆိုရင် လန့်သွားလောက်ပေသည်။ သို့သော် ထိုလူကြီးကအိုးလ်ဆားဗစ်ကြီးဖြစ်ရကား သူ့ကိုယ်ပေကျံသည်များကို ပွတ်ခါလျက် ရုံးတရားခွင်တွင် ရှင်းပြနေဘိသကဲ့သို့ အေးဆေးမှုမှန်သောအသံဖြင့်...

"ကျုပ် ပေတရာလမ်းမကြီးမှာ ဘိုင်စကယ်စီးလာတာကို ဒီခွေးကနောက်ကလိုက်ပြီး ခုန်ကိုက်တယ်၊ ဒါကြောင့် ကျုပ် စက်ဘီးရောလူပါတာမြောင်းထဲကို လေးလံစွာ ပစ်ကျသွားတယ်"

mgyoe.com

သို့သော် ဘော်ဘီစိန် မာန်ကလည်းမလျှော့ပေ။

"ဘာသိုလိုမြို့က ဘိုင်စကယ်ကို မုန်းတယ်ဆိုတာ ရှင်မသိဘူးလား၊ ရှင် ဒီလမ်းမှာ ဘိုင်စကယ်စီးဖို့ မကောင်းဘူး"

"ခင်ဗျာ့ခွေးကြောင့် ကျုပ်က ဘိုင်စကယ်မစီးဘဲ ခြေကျင်လျှောက်ရမှာလား"

"ဟုတ်တယ်၊ ရှင့်ခန္ဓာကိုယ်ကြီးနဲ့ လမ်းလျှောက်ဖို့ပဲ ကောင်းတယ်၊ ရှင့်မှာ ဗိုက်ရွဲကြီးနဲ့ အဆီတွေများနေတယ်၊ ကျွန်မသာ ပုလိပ်မင်းကြီးဖြစ်ရင် ရှင့်လိုလူ ဘုတ်ထိုင်းကြီး အလုပ်ထုတ်ပစ်လိုက်တာ ကြာပြီ"

"ဟုတ်ကဲ့...သို့သော် ကျွန်တော့်ကိုအလုပ်မထုတ်မီ ခင်ဗျားကို အမှုလုပ်ရပါလိမ့်မယ်"

"ဘာပြစ်မှုနဲ့တုံး၊ ကျုပ်က ရှင့်များ ဖက်နမ်းလို့လား"

"ကိုက်တတ်တဲ့ ခွေးဆိုးတစ်ကောင်ကို ပေတရာလမ်းမမှာ လွှတ်ထားတာတစ်မှု၊ ကျုပ်လို ယူနီဖောင်းနဲ့ ရဲအရာရှိကြီးတစ်ယောက်ကို တာမြောင်းထဲလူရော ဘိုင်စကယ်ပါ လေးလံ့စွာကျစေတာကတစ်မှု၊ ပုဒ်မနှစ်ခုတပ်ရမှာပဲ"

"အခုတစ်ရာ တပ်လိုက်ပါ၊ ဟိုက်ကုတ်အထိ တက်ပါမယ်၊ ရှင်က ကျွန်မခွေးကို စိတ်ဆိုးအောင်စတယ်ဆိုတာ သက်သေပြရမယ်၊ ဟော့ဒီမှာ လူကြီးလူကောင်းတစ်ယောက်"

သို့သော် ဘော်ဘီစိန်သည် ကျွန်တော့်ကို ရိပ်ခနဲ မြင်ထားရာမှ သေသေချာချာကြည့်လိုက်တော့ သူထင်သော အခြား လူကြီး လူကောင်းတစ်ယောက်မဟုတ်လေဘဲ သူ့မိတ်ဆွေရင်းချာဖြစ်နေလေ၍ တစ်မျိုးအားတက်သွားကာ...

"အိုး...ကိုအေးဆွေ"

"ဟဲ့လို...ဘော်ဘီ"

"ဒီနေရာရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"ဆယ်မိနစ်လောက်ရှိပြီ"

"အခုဖြစ်တာ အားလုံးမြင်တယ်ပေါ့"

"တစ်ခုမကျန်ဘဲ"

"ဒါဖြင့် ဘော်ဘီ့ သက်သေ သက်သေ"

"အိုကေ"

mgyoe.com

mgyoe.com


"သိုင်းကယူး"

ထိုအချိန်၌ ပုလိပ်ကြီးကာ သူ့အိတ်ထဲမှ မှတ်စုစာအုပ်ကိုထုတ်ကာ သူ့ကိုယ်သူ ဒဏ်ရာများရှာဖွေလျက် တွေ့သမျှကို သူ့ဟာသူစစ်ချက်ယူ၍ တိုင်ချက်ရေးနေလေသည်။

"(၁) လက်ဝဲဘက် တံတောင်ဆစ်မှာ သွေးစက်စက်ထွက်သည်အထိ ပွန်းပဲ့သွားသည်"နှုတ်မှရွတ်၍ လက်ကရေး၏၊ "(၂) ဘယ်ဘက်နံစောင်း တစ်ခုလုံး ရိုက်ထားသကဲ့သို့ အောင့်နေ၏၊ (၃) နှာခေါင်းကို ဆူးခက်နှင့် ခြစ်မိ၍ သွေးစို့နေသည်၊ (၄) ယူနီဖောင်းတစ်ခုလုံးမှာ ရစရာမရှိအောင် ညစ်ပတ်သွားသည်၊ အားလုံး ဒိုဘီပေးမှ ဖြစ်တော့မည်"

ယင်းသို့ရေးပြီးနောက် သူ့နှာခေါင်းကို ပွစိ ပွစိဖြစ်လျက် သူ့ကိုယ်သူ ဟိုလှည့် ဒီလှည့်ကြည့်ရာမှ...

"အား...အား (၅) လက်ဝဲဘက်တင်ပါးသည် မစင်ပုံပေါ်ကို တည့်တည့်ကြီး ဖိမိသည်"

ကျွန်တော်နှင့်ဘော်ဘီမှာ အသံထွက်အောင်ပင် ရယ်မိသည်။

"ရယ်ပါ...ရယ်ပါ" ဘော်ဘီ့ကိုကြည့်လျက် သူ့စာအုပ်ကိုပိတ် အိတ်ထဲ ထည့်ပြီး ဘိုင်စကယ်ကိုယူ၍ "မကြာမီ သမ္မန်စာရောက်လာပါလိမ့်မယ်"

"တုံကင်းစာဆိုရင် ပိုကြီးမှာပေါ့ရှင်"

သို့သော် ရဲသားကြီးသည် ဘော်ဘီ့ကို ပြန်မကြည့်တော့ဘဲ စက်ဘီး ပေါ်တက်၍ ထွက်ခွာသွားလေ၏။ သူ့စိတ်ထဲတွင် အလုပ်ကပြန်လာရင်း အချောင်သက်သက် အမှုကလေးတစ်ခု ကောက်ရတာပဲဟု ဝမ်းသာသွားသလား မပြောတတ်ပါ။ ဘော်ဘီကား မထိမဲ့မြင်ပင် နောက်ကကြည့်နေလိုက်သည်။

ကျွန်တော်သည် ဘော်ဘီအား ဤစိတ်အာရုံမှပြတ်နေစေလို၍...

"ဘော်ဘီ့ကို ဒီမှာလာတွေ့ရတာ သိပ်ဝမ်းသာတာပဲကွာ၊ ဘော်ဘီက တစ်နေ့တခြား လှနေတာပဲ၊ အခုတွေ့ရတာ အရင်ကထက် အများကြီးပိုလှ နေတာပဲ"

ဘော်ဘီသည် ပုလိပ်ကြီးထွက်ခွာသွားသည်ကို လက်ပိုက်ကြည့် နေရာမှ ပြုံးစနဲ့နဲ့နှင့် ကျွန်တော့်ဘက်သို့ ပြန်လှည့်၍...

"ဆရာကြီး...ဒါ ဘော်ဘီလေ၊ မမနု မဟုတ်ဘူး"

"အဟုတ် တကယ်လှလို့ လှတယ်ပြောတာပါ၊ ဘုရားစူးစေရဲ့၊ ဒါနဲ့

mgyoe.com

ဘော်ဘီ၊ မင်း တင်အောင်လွင်ရဲ့ ဒိုင်ယာရီစာအုပ်ကလေး ကောက်ရ ထားတယ် မဟုတ်လား"

သူ့အလှကိုချီးမွမ်းပြီး ကျွန်တော် လိုရင်းကို တက်သုတ်ရိုက်လိုက်ပါသည်။ ဘော်ဘီသည် ကျွန်တော့်ကို ပေရင်းရင်းလုပ်ကြည့်ကာ...

"ဘာ...ဒိုင်ယာရီစာအုပ်"

"ဟုတ်တယ်၊ သားရေဖုံးနဲ့၊ ကျောအနှောင့်မှာ ခဲတံလေးလည်း စွပ်ရက်သားပါတယ်"

"အထဲမှာ ဦးကြီးဆက်နဲ့ ကိုသံခဲကြီးတို့အကြောင်းတွေ ရေးထားတယ်လေ"

"အာ...ဟုတ်တယ်...ဟုတ်တယ်"

"သူက ဘာလုပ် ဒါတွေရေးထားရတာတဲ့လဲ၊ အဲဒီလို မှတ်စုစာတစ်အုပ်နဲ့ တွေ့ကရာတွေ လျှောက်ရေးတဲ့လူကို ဘော်ဘီ အားကြီးမုန်းတယ်၊ ခုနလည်း ဟိုပုလိပ်ကြီးဟာ သူရေးချင်တာတွေ ရေးသွားတာပဲ၊ ဒါနဲ့ ကိုဆွေ သူက ဘော်ဘီ့ကို အမှုလုပ်လို့ဖြစ်မလားဟင်"

"သူကတော့ ပြောသွားတာပဲ၊ ဒါပေမဲ့ သူ့ဘော်ဘီ့နာမည်နေရပ်မှ ရေးမှတ်မသွားတာဘဲ"

"သူနဲ့ကျွန်တော်နဲ့ သိပြီးသားဗျ၊ အရင်တစ်ခါလည်း ဘာသိုလိုမြူက သူ့လိုက်ကိုက်လို့ အိမ်လာပြီး ဦးကြီးဆက်ကို တိုင်တယ်"

"ဟာ..ဒီလိုဆိုရင်တော့ သူအမှုလုပ်ချင်ဖြစ်တာပေါ့"

"အမှုဖြစ်မှာတော့ မကြောက်ပါဘူးဗျာ၊ ဒါပေမဲ့ ဦးကြီးဆက် မာန်မှာပဲ စိုးတယ်၊ ဒါနဲ့ ကိုဆွေ သူ ကျွန်တော်တို့ကို အမှုမလုပ်နိုင်အောင် လုပ်ရအောင်ဗျာ"

"ဘယ်လိုလုပ်မလဲ"

"ကိုဆွေပဲ တစ်ခါပြောတယ်မဟုတ်လား၊ ပုလိပ်တစ်ယောက်ရဲ့ ဦးထုပ်ကိုရအောင် ဘုံးလိုက်ရင် အဲဒီပုလိပ်မှာ အကြီးအကျယ်ချောက်ကျတာတဲ့၊ အထက်လူကြီးတွေက 'မင်း မင်းဦးထုပ်တောင် မစောင့်ထိန်းနိုင်ရင် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ဘယ့်နှယ့်လုပ် ကာကွယ်နိုင်ပါ့မလဲ'ဆိုပြီး အလုပ်ဖြုတ်ပစ်သည်အထိ ဖြစ်သွားတယ်ဆို၊ ကိုဆွေပဲ ပြောတာ မဟုတ်လား"

mgyoe.com

mgyoe.com

ကျွန်တော့်မှာ တစ်ခါက အရက်မူး၍ဖြစ်ခဲ့သည်ကို အထင်သေးမခံရအောင် ကောင်မလေးတွေရှေ့တွင် ဖြီးဖျန်းခဲ့ရိုးမှန်ပါသည်။ ယခု ကိုယ့်စကားနှင့်ကိုယ် ပြန်ပတ်နေ၍ မငြင်းနိုင်ဘဲ ဆက်ပြီး ဘဲလ်တီးရပြန်သည်။

"အေး...ဟုတ်တယ်"

"အခု ဒါဖြင့် အဲ့ဒီပုလိပ်ကြီးဦးထုပ်ရအောင် ဘုံးရအောင်လေ၊ ကိုယ်တို့လက်ထဲရောက်တော့ ဟိုကိစ္စ အမှုမလုပ်ရင် ပြန်ပေးမယ်လို့ 'ပြန်ပေး' လုပ်ကြတာပေါ့၊ မကောင်းဘူးလား ကိုဆွေ"

"ကောင်းပါတယ်၊ ဒါပေမဲ့ သူ့ဦးထုပ်ကို ဘော်ဘီက ရအောင်ခိုးနိုင်ပါ့မလား"

"အို...ဒါ မိန်းကလေးအလုပ်မှ မဟုတ်တာ၊ ယောကျ်ားအလုပ်ပဲ"

"နို့...ဘယ်ယောကျ်ားက လုပ်ပေးမလဲ"

"အို...ကိုဆွေပဲပေါ့၊ ကိုဆွေပဲ ဒါမျိုးလုပ်တတ်တာပဲ၊ ဒီပုလိပ်ကြီး ဂျူတီကျတဲ့နေရာကို ဘော်ဘီပြပေးမယ်လေ"

"အောင်မလေး...မလုပ်ပါနဲ့ဗျာ၊ ချမ်းသာပေးပါ၊ အရင်တစ်ခါလည်း မိသွားလို့ ခင်ဗျားဦးကြီးကပဲ ဒဏ်ငွေအစိတ်ချလိုက်ပါပကော"

"အို...ဒါကတော့ ကိုဆွေညံ့လို့ပဲ၊ ကဲ...ဘော်ဘီ့အတွက် ကိုဆွေလုပ်မပေးချင်နေပါလေ၊ ဘော်ဘီ့မှာ ဒီ့ပြင်လုပ်ပေးမယ့်လူ ရှိပါတယ်"

"ဝမ်းသာပါတယ်ဗျာ"

"ဘယ်သူလဲ ကိုဆွေသိလား"

"ဘယ်သိမှာတုံး"

"ကိုဆွေ့သူငယ်ချင်းထဲကပဲ"

ကျွန်တော့်သူငယ်ချင်းထဲက ဘယ်ကောင်များပါလိမ့်။

"နာမည်ပြောစမ်း"

"ကိုကျော်အောင်လင်း"

"ဟား...အခု ဒီကောင်က ဘယ်မှာမို့တုံး"

"ပဲခူးမှာ ကျောင်းဆရာလုပ်နေတယ်လေ"

"အောင်မယ်...နိုင်ငံရေးသမားက..."

"လာမယ့်ရွေးကောက်ပွဲမှာ တစ်နေရာဝင်ဖို့ ကျောင်းဆရာအလုပ်ပြပြီး စိုင်းပြင်းနေတာလေ"

"နို့...အလုပ်မပြုတ်သေးဘူးလား"

mgyoe.com

mgyoe.com


"အလွတ်ပညာသင်ကျောင်းဆရာပဲ"

ကျွန်တော် ယခုမှသဘောပေါက်ကာ...

"အိုး...ကိုယ့်လူက ဒီကိုလာ ခြေပုန်းခုတ်နေတာကိုး"ကျွန်တော်သည် ကျော်အောင်လင်း၏ လူစွမ်းလူစကို တွေးမိရာမှ ဘော်ဘီခိုင်းသည့် သေးနုပ်သောကိစ္စ သတိရ၍ "နို့...သူက ဘော်ဘီခိုင်းတာ လုပ်ပေးပါ့မလား"

"သူက ဘော်ဘီခိုင်းတာဆိုရင် ကောင်းကင်တမွတ် ကြယ်ကိုဆွတ်ပေးရပါစေတော့တဲ့"

"အလဲ့"ကျွန်တော်သည် ဤစကားသွားအဓိပ္ပာယ်ကို သဘောပေါက်၍ "ကိုယ့်လူက ဘော်ဘီ့ကို ဂေါ်နေပြီထင်တယ်"

"ဂေါ်ရုံတင်ဘယ်ကမလဲ၊ ကျွန်မတို့သမီးရည်းစားတောင် ဖြစ်နေကြပြီ"

"ဟဲ့..."

ကျွန်တော် ဆွဲဆွဲငင်ငင်ဆိုမိကာ ကြောင်စီစီကြီး ပြုံးနေမိပါသည်။

"ကိုဆွေ ဝမ်းမသာဘူးလားဟင်"

"သာပါ့ဗျာ"

"ဘော်ဘီ့အတွက်ရော၊ ကိုဆွေ့သူငယ်ချင်းအတွက်ရော"

"နှစ်ယောက်စလုံးအတွက်ပါပဲဗျာ"

"ဘော်ဘီတို့ ဘက်မညီဘူးလား"

"နေနဲ့လ ရွှေနဲ့မြပါပဲဗျာ"

"ဘော်ဘီတို့ မြန်မြန်မညားစေချင်ဘူးလား"

"ညားစေချင်ပါတယ်ဗျာ"

"ကိုဆွေ တတ်နိုင်ရင်ကော အကူအညီပေးမလား"

"ပေးရမှာပေါ့ဗျာ"

"ဘော်ဘီလည်း ဒီလိုယုံကြည်တာပဲ၊ ဒါကြောင့်ပဲ ကိုဆွေ့ဆီကို ကြေးနန်းရိုက်လိုက်တာပဲ"

ဟိုက်...ကျွန်တော် ယခုမှ သူ့ဆီကကြေးနန်းစာကို သတိရပါသည်။ ငတိမ ကျွန်တော့်ဆီ အကူအညီတောင်းမယ်လို့ ဆိုထားသည်။ ဘယ်လိုများ ဒုက္ခပေးဦးမည်ပါလိမ့်၊ ခက်သောပဲ။

ကျွန်တော် တွေးငိုင်မိစဉ်...

"ကိုဆွေ...ဘော်ဘီ့ဆီက ကြေးနန်းရတယ်မဟုတ်လား"

"ရပါတယ်"

mgyoe.com

mgyoe.com

သူသည် ကိုယ်နေကိုပြင်လိုက်ပြီး...

"အဖြစ်က ဒီလိုကိုဆွေရဲ့၊ ဘော်ဘီတို့လက်ထပ်ဖို့က မာမီ့ကို နားဖောက်ဖို့လိုတယ်၊ မာမီ့ကို တစ်ချက်တည်းနဲ့ မီးသေတာက ဦးကြီးဆက် စကားတစ်ခွန်းပဲ၊ ဒီတော့ ဦးကြီးဆက်က ကိုဆွေ့သူငယ်ချင်းကို သဘောကျ အောင်လုပ်ဖို့ လိုတယ်၊ အဲဒီနေရာကို ကိုဆွေ့အကူအညီလိုတာပဲ"

ကဲ...ကျွန်တော်ရှေ့မှောက် မြားဦးတော့ တိုက်ရိုက်ရောက်လာပြီပဲ၊ မနေသာတော့ပါ။

"ဘာလဲ...ကိုယ်က ကျော်အောင်လင်းကို အဘိုးကြီး သဘောကျ အောင် နှုးပေးရမှာလား၊ ဒါတော့ ဘယ်နည်းနဲ့မှမဖြစ်ဘူး၊ အဘိုးကြီးနဲ့ ကိုယ်နဲ့ နည်းနည်းမှ အပေါက်အလမ်းမတည့်ဘူး"

"အို...ဒီလိုမဟုတ်ပါဘူး၊ ဒီထက်သာပြီး ဒီထက်လွယ်တဲ့နည်း ကိုဆွေ လုပ်ရမှာပါ"

"ဒီအဘိုးကြီးနဲ့ပတ်သက်လို့ ကိုယ် ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး ထင်တယ်"

"စစ်မရောက်ခင် မြားမကုန်ပါနဲ့ဦးလေ၊ ဘော်ဘီပြောမှာကို နား ထောင်ပါဦး"

"အို...မထောင်ချင်တော့ဘူး"

ကျွန်တော်သွားရန် ဟန်ပြင်သည်၌ သူ့မျက်နှာထားမှာတင်းကာ...

"ဒီမှာ ဆရာကြီး၊ ခင်ဗျား ကျွန်တော့်က ချော့ပြောနေလို့လား၊ ကဲ...သွားဝံ့သွားစမ်း၊ ဟော့ဒီမှာ ဘာသိုလိုမြူကို လွှတ်ပေးလိုက်မယ်၊ ခင်ဗျားကို ကိုက်ချင်လို့ သူ့ဝမ်းထဲက ဂွိလိ ဂွိလိဖြစ်နေတာ သိရဲ့လား"

စင်စစ်အားဖြင့် ကျွန်တော်သည် တကယ့်တကယ် အရေးကြုံပါက ကျား၊ ခြင်္သေ့နှင့်ပင် ရင်ဆိုင်ရန် ဝန်လေးမည့်လူစားမျိုး ဟုတ်မည်မထင်ပါ။ သို့သော် ဤဘာမဟုတ်သည့် ကိစ္စမျိုး၌ ဒီလောက်ခွေးကလေးနှင့်တော့ သွေးထွက်သံယို မဖြစ်လို၍...

"ကဲ...ကဲ...ပြောစရာရှိပြော"

"ဟဲ...ဟဲ...အဲလိုလိမ္မာပါ ကိုဆွေရဲ့၊ ထိုင်...ဟော့ဟိုကျောက်တုံးပေါ်မှာ မတ်တတ်ရပ်နေရတာ ညောင်းလှရော့မယ်"

သူလည်း သူ့ခွေးလည်ပင်းကိုချုပ်ကိုင်၍ ကျွန်တော့်အနီးဝင်ထိုင်ကာ...

"ဘော်ဘီပြောမှာက ကိုဆွေ့အတွက် ဘာမှ ခဲယဉ်းတဲ့နည်းလမ်း

mgyoe.com

mgyoe.com


မဟုတ်ပါဘူး၊ တကယ်ဆိုတော့ကော ဘော်ဘီက ကိုယ့်အစ်ကိုကြီးကို ခက်ခက်ခဲခဲအလုပ် ဘယ်ခိုင်းရက်မှာတဲ့လဲ၊ ဒီမှာကိုဆွေရဲ့၊ ဘော်ဘီ အင်္ဂလိပ်ဝတ္ထုတစ်ပုဒ်ထဲမှာ ဖတ်ဖူးတယ်လေ၊ မြို့စားကြီးတစ်ယောက်က သူ့သမီး ချစ်သူနဲ့ သဘောမတူဖြစ်နေတဲ့အခါမှာ အဲဒီကောင်မလေးရည်းစားရဲ့ သူငယ်ချင်းတစ်ယောက်က (ကိုဆွေနဲ့ ကိုကျော်အောင်လင်းလို ချစ်တဲ့သူငယ်ချင်းပေါ့) မြို့စားကြီးကို အပျော်လှေစီးထွက်ဖို့ ခေါ်သွားပြီး မတော်တဆလိုနဲ့ လှေကိုမှောက်ပစ်လိုက်တယ်၊ အဲဒီအခါမှာ အသင့်စောင့်နေတဲ့ ကောင်မလေးရည်းစားက ဒိုင်ဗင်ထိုးပြီး ဆယ်လိုက်တယ်၊ အဲဒီနောက်ပိုင်း မြို့စားကြီးက သူ့အသက်ကယ်တဲ့လူနဲ့ သူ့သမီးပေးစားဖို့ 'အိုကေ'သဘောပေါက်လား ကိုဆွေ"

သူဟာ ဘာမျှနားမလည်နိုင်စရာ မရှိပါ။ သို့သော် ကျွန်တော်မှာ 'ဘူးဆို ဖရုံမသီး'သည့်လူစားမျိုးဖြစ်၍...

"ပေါက်ပါတယ်၊ ဒါပေမဲ့ ခင်ဗျာ့ဦးကြီးကို ကျုပ်က လှေစီးခေါ်လို့လည်း သူက လိုက်မှာမဟုတ်ဘူး၊ သူလိုက်လည်းပဲ ကျုပ်ကလှေမလှော်တတ်ဘူး"

"ကိုဆွေပြောတာ မှန်တယ်၊ ကိုကျော်အောင်လင်းကလည်း ကိုဆွေက ဒီအကြံအတိုင်း လုပ်မယ်ဆိုတောင် ပဲခူးမှာလှေစီးဖို့ ရေကန်လည်းမရှိဘူး၊ သူလည်း ရေမကူးတတ်ဘူးတဲ့၊ ဒါနဲ့ ဘော်ဘီက နောက်ဝတ္ထုတစ်ပုဒ်ပြောပြ သေးတယ်၊ အဲဒါက ဘယ်လိုလဲဆိုရင် ကောင်မလေးအဖေကြီးက တောလမ်း ခရီးမြင်းရထားစီးသွားတဲ့အခါမှာ ဇာတ်လိုက်ရဲ့သူငယ်ချင်းက လူဆိုးယောင် ရုပ်ဖျက်ပြီး ဖမ်းသွားတယ်၊ အဲဒီအခါမှာ...

ဤနေရာမှာပင် ကျွန်တော်က လက်တား၍...

"တော်တော့ အမိ၊ ခင်ဗျားရှေ့ဆက်ပြောမှာကို ကျုပ်နားလည်ပြီ၊ အဲဒီဝတ္ထုတွေထဲမှာပါတဲ့ ဇာတ်လိုက်ရဲ့ သူငယ်ချင်းတွေဟာ ပေါကြောင်ကြောင် အကောင်ချည်းပဲ၊ ကျုပ် ကျော်အောင်လင်းကို သူငယ်ချင်းအနေနဲ့ မချစ်ဘူး မဟုတ်ဘူး၊ ချစ်ပါတယ်၊ ဒါပေမဲ့ အဲဒီပေါကြောင်ကြောင် အလုပ်မျိုးတွေ တော့ ဘယ်နည်းနဲ့မှမလုပ်နိုင်ဘူး"

"ဟုတ်ပါတယ်၊ ကိုကျော်အောင်လင်းကလည်း ကိုဆွေနဲ့ ဒီလိုကြမ်းကြမ်းတမ်းတမ်းအလုပ်တွေနဲ့ မဖြစ်ဘူးလို့ ပြောပါတယ်၊ ဒါပေမဲ့ ဘော်ဘီ နောက်ဆုံးပြောတဲ့ အကြံကိုဖြင့် သူလည်း သဘောတူလက်ခံတယ်"

mgyoe.com